# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၄ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၁၆)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်)

Coronavirus Disease 2019 (COVID –19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၉) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) သို့ တက်ရောက် မိန့်ခွန်းပြောကြား



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၉)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၁၃

(၉)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ (MICC–I) ရှိ နီလာခန်းမ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆




# ထာဝရငြိမ်းချမ်းရေး အမွေအနှစ် မျိုးဆက်သစ်များသို့ ပေးနိုင်ရန်

(၉)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၃ ရက်တွင် ကျင်းပခဲ့ရာ ယင်းအစည်းအဝေးတွင် သဘောတူညီချက် ခုနစ်ချက် ရရှိခဲ့သည်။ ၎င်းသဘောတူညီချက်များမှာ အလွယ်တကူ ရရှိခဲ့ခြင်းမဟုတ်ဘဲ တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းများတွင် မတူကွဲပြားမှုများအကြားမှ အပေးအယူ၊ အလျှော့အတင်းများဖြင့် ညှိနှိုင်းဆွေးနွေးကြကာ သဘောတူညီမှု ရရှိခဲ့ကြခြင်းဖြစ်သည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်တောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးရယူနိုင်ရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန်အတွက် လုပ်ငန်းစဉ်များမှာ အခက်အခဲနှင့် စိန်ခေါ်မှုများစွာကြားထဲမှပင် ရှေ့သို့ တိုးသွားနေဆဲဖြစ်သည်။ ပဋိပက္ခများဖြစ်ပွားရာ ဒေသများရှိ ပြည်သူများအဖို့ ထာဝရငြိမ်းချမ်းရေးရရှိရန် မဆိုထားဘိ ပစ်ခတ်တိုက်ခိုက်မှုများ မရှိတော့ဘဲ မိမိတို့နေထိုင်ရာ ဇာတိရပ်ရွာများတွင် အေးချမ်းစွာ နေထိုင်သွားလာနိုင်ကြပြီး ပရိယေသနဝမ်းစာကို ကောင်းစွာရှာဖွေအသက်မွေးနိုင်ကြရုံမျှနှင့်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ကျည်ဆန်များနှင့် မိုင်းများအကြား မိမိ၏ အသက်အန္တရာယ်သည် နေ့လား ညလား ထိတ်လန့်ချောက်ချားနေရသည့် အခြေအနေမျိုးမှလည်း အမြန်ဆုံးလွတ်မြောက်လိုကြပြီ။

"ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည်မှာ ရေရှည်သဘောဆောင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မရရှိနိုင်သေးသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကြိုးပမ်းနေရပါကြောင်း၊ ထိုသို့ ရေရှည်သဘောဆောင်သည့် လုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ချိတ်ဆက်စဉ်းစားပြီးသည့်နောက် ယင်းလုပ်ငန်းစဉ်များအားလုံး ခြုံငုံအကျုံးဝင်ပြီး ရှေ့ဆက်သွားမည့် အဆင့်လိုက်လုပ်ငန်းစဉ်ကို မိမိတို့ ဖော်ထုတ်ရရှိလာခဲ့ပါကြောင်း" နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၉)ကြိမ်မြောက် JICM အစည်းအဝေးတွင် ပြောကြားခဲ့ရာ ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းကြောင်းပေါ်ထွက်လာသည့် သတင်းကောင်းပင်ဖြစ်သည်။

ထို့အပြင် "မိမိတို့နိုင်ငံ၊ မိမိတို့ ပြည်ထောင်စု၏ အနာဂတ်ခရီးအတွက် မိမိတို့အသက်ရှင်နေစဉ်နှင့် မိမိတို့ကြိုးစားခွင့်ရနေစဉ်အတွင်း အတတ်နိုင်ဆုံး၊ အကောင်းဆုံး ကြိုးပမ်းအားထုတ်၍ မိမိတို့၏ မျိုးဆက်သစ်များလက်ထဲသို့ ငြိမ်းချမ်းရေးအမွေအနှစ်တစ်ခု ခိုင်ခိုင်မာမာ လက်ဆင့်ကမ်းဆောင်ကြဉ်းပေးနိုင်ရေး ဆက်လက် ကြိုးပမ်းသွားကြရန်"လည်း တိုက်တွန်းပြောကြားသွားခဲ့ရာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေကြသည့် သမိုင်းဝင်ပုဂ္ဂိုလ်များအားလုံးကလည်း သဘောတစ်ထပ်တည်း ညီကြမည်ဟု ယုံကြည်မျှော်လင့်မိသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို လာမည့် ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ကျင်းပတော့မည်။ ငြိမ်းချမ်းရေး တည်ဆောက်ကြရာတွင် အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ စိတ်ရှည်သည်းခံမှု၊ အပေးအယူ၊ အလျှော့အတင်းတို့ဖြင့် အပြန်အလှန်လိုက်လျောမှုများဖြင့် နှလုံးရည်ပြည့်ဝစွာ ပူးပေါင်းဆောင်ရွက်ကြရခြင်းဖြစ်သည်။ စားပွဲဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာမည့်ရလဒ်များဟူသမျှသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ နှလုံးစိတ်ဝမ်းကို အေးငြိမ်းချမ်းသ မှု ပေးစွမ်းနိုင်ပါစေကြောင်း။ ။

# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ခုနှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိသည်။ ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများပေးဝေနေရသည့် အခြေအနေများကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထားမိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိ သိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေ လုံလောက်စွာပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ငဝန်မြစ်ကူး ပုသိမ်တံတားအမှတ်(၂) အပြီးသတ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး

**ပုသိမ် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ငဝန်မြစ်တစ်ဖက်ကမ်း စိန်ကုန်းဘက်သို့ ဆက်သွယ်ပေးမည့် ပုသိမ်တံတားအမှတ်(၂) ငဝန်မြစ်ကူးတံတားသည် ပုသိမ်မြို့လယ်သို့ တိုက်ရိုက်သွယ်တန်းထားသော တံတားဖြစ်ကာ လက်ရှိအချိန်တွင် တံတားတည်ဆောက်မှုမှာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်၍ ယခုဘဏ္ဍာနှစ်မကုန်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တံတားတည်ဆောက်ပြီးစီးမှု လိုက်လံစစ်ဆေးစဉ်။

တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၁၂ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တံတားကိုတည်ဆောက်နေသည့် တံတားအထူးအဖွဲ့(၁၆)မှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သစ်သစ်အောင်က တံတားစတင်တည်ဆောက်ချိန်မှ လက်ရှိအချိန်အထိ ပြီးစီးမှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ငဝန်မြစ်ကူးတံတားသည် ပင်မတံတားအရှည် ၁၀၈၂ ပေခွဲ၊ ပုသိမ်ဘက်အခြမ်းမှ ချဉ်းကပ်လမ်းအရှည် ၅၇၂ ပေခွဲ၊ စိန်ကုန်းဘက်ခြမ်းမှ ချဉ်းကပ်လမ်းအရှည် ၇၂၅ ပေ၊ စုစုပေါင်းအရှည် ပေ ၂၃၈၀ ရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး လူသွားလမ်း တစ်ဖက်လျှင် ငါးပေစီ ပါဝင်သည်။ တံတားအမျိုးအစားမှာ သံမဏိသံပေါင် ခုံးတံတားဖြစ်ပြီးရေလမ်းကင်းလွတ်အမြင့် ပေ ၆၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ၄၁၆ ပေ ရှိသည်။ တံတားတည်ဆောက်မှု တန်ဖိုးမှာ ကျပ်သန်း ၂၈၅၀၀ ခန့်ဖြစ်ကာ တံတားကြီး ဖွင့်လှစ်ပြီးစီးပါက ငွေဆောင်၊ ချောင်းသာ၊ ဂေါ်ရန်ဂျီကမ်းခြေများနှင့် ကမ်းခြေပတ်လမ်းမှ ရခိုင်ပြည်နယ်သို့ ဆက်သွယ်သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

# လူကုန်ကူးမှု ပြည်ပအလုပ်အကိုင်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

**မလှိုင် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့တွင် လူကုန်ကူးမှု ပြည်ပအလုပ်အကိုင်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဩဂုတ် ၁၀ ရက်က ဆောင်ရွက်သည်။

လူကုန်ကူးမှု ပြည်ပအလုပ်အကိုင်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မလှိုင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြုလုပ်သော အိမ်သုံးဆပ်ပြာလုပ်ငန်း သင်တန်းဆင်းပွဲတက်ရောက်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် အဖွဲ့၊ အမှတ် (၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (မိတ္ထီလာ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်သူရနှင့် တပ်ဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇင်ကိုလတ်နှင့်အဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်စန်းမြိုင်ပါ တပ်ဖွဲ့ဝင်များနှင့် အမှတ် (၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (မိတ္ထီလာ) အဖွဲ့များက မလှိုင်မြို့မ စည်ပင်သာယာဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား လူကုန်ကူးမှု ပြည်ပအလုပ်အကိုင်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သီပေါမြို့နယ်၌ မဲစာရင်းများ ဆက်လက်ကပ်ထားကြေညာခြင်းအား သွားရောက်ကြည့်ရှုရန် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်

**သီပေါ ဩဂုတ် ၁၃**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရပ်ကွက် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြေညာပေးသည့်ရက်အား ဩဂုတ် ၁၄ ရက်အထိ ၇ ရက် ထပ်မံတိုးမြှင့် ကပ်ထားကြေညာထားခြင်းကို ဒေသခံပြည်သူများက မိမိနာမည်ပါဝင်ခြင်း ရှိ၊ မရှိ သွားရောက်ကြည့်ရှုရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ယမန်နေ့ကစပြီး အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်နှင့် ဝန်ထမ်းများက မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်မပါရှိပါက ပုံစံ(၃) ဖြည့်သွင်းတောင်းဆိုရန်၊ ကိုယ်ရေးအချက်အလက်မှားယွင်းနေပါက ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်ကန့်ကွက်ရန်၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ)များကို သတ်မှတ်ရက်ထက် နောက်မကျစေဘဲ တင်သွင်းရန်၊ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းလာသော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများကို နည်းဥပဒေ(၁၄-က)ပါ ပြဋ္ဌာန်းချက်မှအပ လက်ခံမည်မဟုတ်သည့်အတွက် မဲဆန္ဒရှင်စာရင်းများကို အမြန်ဆုံးသွားရောက်ကြည့်ရှုကြရန် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်လျက်ရှိသည်။

သီပေါမြို့နယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၃၅၇၉၉ ဦးရှိပြီး မဲရုံ ၁၁၄ ရုံရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်မဲ ဩဂုတ် ၁၃**

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းထိန်နှင့် ဝန်ထမ်းများက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းနှင့်အတူ ယမန်နေ့က တံခွန်တိုင်ကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာ မူလတန်းကျောင်းတွင် အသက် ၁၈ နှစ်ပြည့်ပြီး ကျေးရွာ ပြည်သူ ၃၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက ယနေ့အထိ ကျောက်မဲမြို့နယ်အတွင်းရှိ ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၇ အုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသော ပြည်သူ ၅၁၆ ဦးအား နိုင်ငံသား စိစစ်ရေးကတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ် လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ နေအိမ်သို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ဖော်ဆောင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ စဝ်စိုင်းလျန်းတို့ တက်ရောက်ခဲ့ကြသည်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ စဝ်စိုင်းလျန်းတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၅၂ /၂၀၂၀)
၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် **ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democratic Party)**ကို ၁၃-၈-၂၀၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃၀/၂၀၂၀) ၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ (ခ)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## COVID-19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ၁၆-၈-၂၀၂၀ ရက်မှစ၍ လူ ၁၅ ဦးအစား လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
**အမိန့်အမှတ် ၈၈/၂၀၂၀**
၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၆-၄-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀ နှင့် ၂၈-၅-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြုဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၉-၇- ၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၇၉/၂၀၂၀ ဖြင့် ၁-၈-၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦးအစား လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ၁၆-၈-၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၁၅ ဦးအစား လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID–19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီ လျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



(၉)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကျင်းပစဉ်။ သတင်းစဉ်

**○ အဆင့်လိုက်သွားမည့် လုပ်ငန်းစဉ်များတွင် မည်သည့် အချိန်၌ ပြည်နယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို မည်သို့ရေးဆွဲကြပြီး ပြည်ထောင်စုနှင့် ပြည်နယ် အာဏာခွဲဝေမှုများကို တစ်ဆင့်ပြီးတစ်ဆင့် မည်သို့သွားကြမည်၊ မည်သည့်အဆင့်များတွင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကို မည်သည့်ပုံစံဖြင့် လုပ်ဆောင်ကြမည် ဆိုသည့်ကိစ္စရပ်များကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်ရန်အတွက် ဆက်လက်ပြီး အသေးစိတ် ဆွေးနွေးညှိနှိုင်းကြရဦးမည်ဖြစ်**

◆ *ရှေ့ဖုံးမှ*

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်မှ အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်၊ အတွင်းရေးမှူး စဝ်စိုင်းငင်း၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာ၊ ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) မှ စောမိုရှေး၊ စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာနော်ကပေါ်ထူး၊ တွဲဖက်အတွင်းရေးမှူး စောကျော်ညွှန့်၊ (KNU)ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ ဗဟိုကော်မတီဝင် ပဒိုစောအယ်ကလူစေး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာခွန်ဆာ၊ အတွင်းရေးမှူး ကျာဆော်လမွန်၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် မွန်ပြည်သစ်ပါတီ (NMSP)ဥက္ကဋ္ဌ နိုင်ဟံသာနှင့် ဗဟိုကော်မတီဝင် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အချိန်ကာလအတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင် ငြိမ်းချမ်းရေးဦးဆောင်သူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်၊ မွန်ပြည်သစ်ပါတီ (NMSP) နာယက နိုင်ထောမွန်၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာနော်ကပေါ်ထူး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စောမိုရှေး၊ ချင်းအမျိုးသား တပ်ဦး(CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာ၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကျာခွန်ဆာနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ချက်များအရ ငြိမ်းချမ်းရေးဦးဆောင်သူများ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို လက်ရောက်ပေးအပ်ထားကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကြေညာသည်။

**တညီတညွတ်တည်း လက်ခံ**

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင် အားလုံး သိရှိထားပြီးဖြစ်သည့်အတိုင်း မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ကြုံတွေ့ခဲ့ရသည့် မတူကွဲပြားသောဝါဒရေးရာ ပဋိပက္ခ၊ တန်းတူရေးပဋိပက္ခများကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဖြေရှင်းနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ အကျိုးဆက်အားဖြင့် လက်နက်ကိုင်ပြီး ဖြေရှင်းကြရာမှ လက်နက်ကိုင်ပဋိပက္ခ၊ လက်နက်ကိုင်တိုက်ပွဲများ မချုပ်ငြိမ်းနိုင်ဘဲ ယနေ့အနေအထားအထိ ဆိုက်ရောက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက်တွင် နည်းလမ်းမျိုးစုံ၊ ချဉ်းကပ်မှုပေါင်းစုံဖြင့် ကြိုးပမ်းခဲ့သော်လည်း နှစ်ပေါင်း ခုနစ်ဆယ်ကျော်သည့် ယနေ့ယခုအချိန်တိုင် ဆက်လက် ကြိုးပမ်းနေရဆဲပင်ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့ခေတ်၊ မိမိတို့ ကာလတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရခြင်း၏ ဇာစ်မြစ်ဖြစ်သည့် အမျိုးသားတန်းတူရေးနှင့် အမျိုးသားညီညွတ်ရေးအတွက် ဖြေရှင်းချက်သည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးပင် ဖြစ်သည်ကို အားလုံးက တညီတညွတ်တည်း လက်ခံထားကြပြီး ဖြစ်ပါကြောင်း။

**လိုအပ်ဆန္ဒများကို ထပ်တူခံစားပေး**

သို့သော်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မည်သည့် လုပ်ငန်းစဉ်မျိုးဖြင့် ကူးပြောင်း၍ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို မည်သည့်အဆင့်မျိုးဖြင့် တည်ဆောက်ကြမည်ဆိုသည့်နေရာတွင် မိမိတို့အကြားသဘောထားများ အမျိုးမျိုးအဖုံဖုံ ကွဲပြားနေခဲ့ကြပါကြောင်း၊ ယင်းသည်လည်း သဘာဝကျပါကြောင်း၊ မတူကွဲပြားသည့် သဘောထားအမြင်များကို တစ်ထပ်တည်းကျစေရန်နှင့် တစ်ခုတည်းဖြစ်စေရန် အတင်းအကျပ် ဖိအားပေးမှုများဖြင့် ဖြေရှင်း၍ မရနိုင်ပါကြောင်း၊ နှစ်ပေါင်း ခုနစ်ဆယ်ကျော် ကွဲပြားခြားနားခဲ့သည့် သဘောထားများကြားမှ ပြည်ထောင်စုကို မည်သို့ရှေ့ဆက်ကြမည်ဆိုသည့် ဘုံတူညီချက်ကို ရှေးရှုနိုင်ရန် ဦးစွာကြိုးပမ်းခဲ့ကြရခြင်း ဖြစ်ပါကြောင်း၊ နားလည်မှုများ မျှဝေကြရပြီး ယုံကြည်မှုများ တည်ဆောက်ကြရပါကြောင်း၊ ထိုသို့ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်ရန်အတွက် မိမိတို့ တိုင်းရင်းသားများ၏ ဒဏ်ရာဒဏ်ချက်များ၊ ခံစားချက်များ၊ နာကျင်မှုနှင့် လိုအပ်ဆန္ဒများကို ထပ်တူခံစားပေးနိုင်ရန် အထူးပင် အရေးကြီးပါကြောင်း။

**ထင်ထင်ရှားရှား ဖော်ပြနိုင်တော့မည်**

ယနေ့တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းများမှနေ၍ ကွဲပြားခြားနားမှုများကြားမှ အားလုံးသဘောတူလက်ခံနိုင်သည့် အဆင့်လိုက်လမ်းစဉ်တစ်ခု၊ အသေးစိတ်အစီအစဉ်တစ်ရပ်ကို သဘောတူရှာဖွေနိုင်ခဲ့ပါကြောင်း၊ ယင်းမှာ နှစ်ဖက်အလုပ်အဖွဲ့များ တင်ပြလာခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ၏ မူကြမ်းပင်ဖြစ်ပါကြောင်း၊ အဆိုပါသဘောတူစာချုပ်သည် မိမိတို့ ရင်ဆိုင်တွေ့ကြုံနေရသည့် လက်ရှိမြန်မာ့နိုင်ငံရေး အကျပ်အတည်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အကျပ်အတည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ချိတ်ဆက်ပြီး ဖြေရှင်းနိုင်မည့် လမ်းကြောင်းတစ်ခုကို ထင်ထင်ရှားရှား ဖော်ပြနိုင်တော့မည် ဖြစ်ပါကြောင်း။

**ဟန်ချက်ညီစွာ ဖော်ဆောင်**

ယင်းစာချုပ်သည် ပြီးပြည့်စုံသည့် စာချုပ်တစ်ရပ်ဖြစ်ပြီလားဆိုလျှင် မပြည့်စုံသေးဘူးဆိုသည်ကို မိမိတို့ အမှန်အတိုင်း ရှုမြင်ကြရန်၊ အမှန်အတိုင်း လက်ခံကြရန်လိုအပ်ပါကြောင်း၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများတွင် ခေါင်းစဉ်ကြီး (၈) ခုကို ဖော်ထုတ်နိုင်ခဲ့ကြသော်လည်း အသေးစိတ် ဆက်သွားရမည့်လုပ်ငန်းစဉ်များကို မိမိတို့ ဆက်လက် ဆွေးနွေးညှိနှိုင်းကြရဦးမည် ဖြစ်ပါကြောင်း၊ အဆင့်လိုက်သွားမည့် လုပ်ငန်းစဉ်များတွင် မည်သည့် အချိန်၌ ပြည်နယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို မည်သို့ ရေးဆွဲကြပြီး ပြည်ထောင်စုနှင့် ပြည်နယ် အာဏာခွဲဝေမှုများကို တစ်ဆင့်ပြီးတစ်ဆင့် မည်သို့သွားကြမည်၊ မည်သည့်အဆင့်များတွင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကို မည်သည့်ပုံစံဖြင့် လုပ်ဆောင်ကြမည် ဆိုသည့်ကိစ္စရပ်များကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်ရန် အတွက် ဆက်လက်ပြီး အသေးစိတ် ဆွေးနွေးညှိနှိုင်းကြရဦးမည် ဖြစ်ပါကြောင်း။

**အတက်အကျများစွာဖြင့် ကြုံတွေ့ခဲ့ရ**

မည်သို့ပင်ဖြစ်စေကာမူ ယနေ့ အစည်းအဝေးတွင် အလုပ်အဖွဲ့က တင်ပြလာသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ မူကြမ်းသည် လွယ်လင့်တကူ ရရှိလာခဲ့ခြင်း မဟုတ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးပြီးသည့်နောက် မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အနိမ့်–အမြင့်၊ အတက်အကျများစွာဖြင့် ကြုံတွေ့ခဲ့ရပါကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

တရားဝင်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ခြင်း မရှိသည့်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းသည်လည်း ရပ်ဆိုင်းသွားခဲ့ရသည်ဟုဆိုနိုင်သည့် အနေအထားအထိ မိမိတို့ ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ယင်းကာလတွင် မိမိတို့ NRPC အနေဖြင့် အလွတ်သဘောတွေ့ဆုံမှုများ၊ တရားဝင်အစည်းအဝေးများကို တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ရပါကြောင်း၊ ရပ်ဆိုင်းသွားခဲ့ရသည့် NCA လမ်းကြောင်းကို ပြန်လည်ဆယ်တင်နိုင်ရန်၊ ဆိုင်းငံ့သွားခဲ့ရသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြန်လည်စတင်နိုင်ရန်အတွက် နည်းလမ်းပေါင်းစုံကို ထည့်သွင်းစဉ်းစားပြီး ပုံစံအမျိုးမျိုးဖြင့် ချဉ်းကပ်ခဲ့ရပါကြောင်း။

## ဟန်ချက်ညီ မျှတသည့် လမ်းကြောင်း

NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် လက်တွေ့ဖြစ်ပေါ်နေသည့် ပြဿနာရပ်များ၊ မပြေလည်မှုများနှင့်အတူ အောက်ခြေတပ်ဖွဲ့ဝင်များအချင်းချင်းအကြားတွင် ဖြစ်ပွားနေသည့် ထိတွေ့မှုများ၏ အကြောင်းရင်းများကို အမှန်အတိုင်း ပြန်လည်သုံးသပ်၊ အမြင်ချင်းဖလှယ်၍ မည်သို့ဖြေရှင်းကြမည်၊ အားလုံးသဘောတူလက်ခံနိုင်မည့် ဖြေရှင်းချက်ကို မည်သို့ရှာကြမည်ကို အကျေအလည် ဆွေးနွေးညှိနှိုင်းခဲ့ကြရပါကြောင်း၊ ယခုချက်ချင်း အဖြေမရှာနိုင်သေးသည့် ကိစ္စများကို ရေရှည်ညှိနှိုင်းသွားနိုင်မည့် လုပ်ငန်းစဉ်တစ်ခု မည်သို့ချမှတ်မည်ကိုလည်း နည်းအမျိုးမျိုးဖြင့် စဉ်းစားသုံးသပ် အဖြေရှာခဲ့ရပါကြောင်း၊ နိုင်ငံရေးအပိုင်း၊ စစ်ရေးအပိုင်း ဟန်ချက်ညီ မျှတသည့် လမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာစေရန်၊ အတိတ်တွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ပြီး ပိုမိုကောင်းမွန်သည့် လမ်းကြောင်းများကို မည်သို့ပုံဖော်ကြမည်၊ အနာဂတ်ကာလတွင် မည်သည့်လမ်းကြောင်းမျိုးက အားလုံးအတွက် လိုက်ပါရာတွင် အဆင်ပြေမည်ဆိုသည်ကိုပါ နှစ်ဖက်အလုပ်အဖွဲ့များအနေဖြင့် မနားမနေ ဆွေးနွေးညှိနှိုင်းခဲ့ကြရခြင်း ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးသို့ တင်ပြလာသည့် စာချုပ်မူကြမ်းကို ကြည့်လိုက်သည်နှင့် နှစ်ဖက်အလုပ်အဖွဲ့များ မည်မျှအထိ ဆွေးနွေးညှိနှိုင်း၊ ငြင်းခုံ၊ ကြိုးပမ်းအားထုတ်ခဲ့ရသည်ကို မိမိတို့ နားလည်သဘောပေါက်ပါကြောင်း၊ ထိုသို့ အရှိန်အဟုန်ဖြင့် ဆွေးနွေးမှုများ ဆက်တိုက်ဆောင်ရွက်နေချိန်တွင် ကမ္ဘာနှင့်အဝန်း COVID – 19 ကပ်ရောဂါ ပျံ့နှံ့မှုများ ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် တွေ့ဆုံဆွေးနွေးမှုများ အရှိန်အဟုန် လျော့ကျသွားခဲ့ရသည့်ကြားမှ ဆွေးနွေးမှုများ ရပ်ဆိုင်းမသွားစေရန် Video Conferencing ဖြင့် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယင်းသို့စိန်ခေါ်မှု အမျိုးမျိုးကြားမှ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များ၊ ပါဝင်ပတ်သက်သူများ၊ ဝိုင်းဝန်းပံ့ပိုးခဲ့ကြသူများအားလုံးကို မိမိအနေဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိသည်ကို အလေးအနက် ပြောကြားလိုပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည်မှာ ရေရှည်သဘောဆောင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မရရှိနိုင်သေးသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းနေရပါကြောင်း၊ ထိုသို့ ရေရှည်သဘောဆောင်သည့် လုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ချိတ်ဆက် စဉ်းစားပြီးသည့်နောက် ယင်းလုပ်ငန်းစဉ်များအားလုံး ခြုံငုံအကျုံးဝင်ပြီး ရှေ့ဆက်သွားမည့် အဆင့်လိုက်လုပ်ငန်းစဉ်ကို မိမိတို့ ဖော်ထုတ်ရရှိလာခဲ့ပါကြောင်း၊ အဆိုပါ လမ်းကြောင်းသည် မိမိတို့နိုင်ငံ၏ အတိတ်ကခါးသီးသည့်အတွေ့အကြုံများကို ဖြေဖျောက်ပေးနိုင်ရန်၊ ယနေ့ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်ထောင်စု၏ အခက်အခဲများကို ပြေလည်စေရန်နှင့် မိမိတို့ တိုင်းရင်းသားအားလုံး၏ အနာဂတ်ပြည်ထောင်စုအိပ်မက်ကို အကောင်းဆုံးပုံဖော်နိုင်ရန်အတွက် မိမိတို့အားလုံး ဆက်လက်ပြီး ကြိုးပမ်းကြရဦးမည် ဖြစ်ပါကြောင်း။

## အကောင်းဆုံးဖြစ်အောင် ကြိုးပမ်း

COVID–19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကို ကမ္ဘာ့နိုင်ငံအားလုံး ရင်ဆိုင်တုံ့ပြန်ကြရာတွင် နိုင်ငံတိုင်းက အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းခဲ့ကြသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ စိန်ခေါ်မှုက တစ်ခုတည်းပင်ဖြစ်ပါကြောင်း၊ သို့သော် တုံ့ပြန်မှု၊ စီမံဆောင်ရွက်မှု မတူညီသည့်အနေအထားတွင် အကျိုးသက်ရောက်မှုများလည်း မတူညီကြပါကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ နွမ်းပါးသည့် နိုင်ငံ၊ ပဋိပက္ခများနှင့် နိုင်ငံ၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားခြင်း




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှာစကားပြောကြားစဉ်။

မရှိသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ အသိစိတ်ဓာတ်ရှိရှိ လိုက်နာဆောင်ရွက်မှုများကြောင့် COVID–19 ကပ်ရောဂါကို ကောင်းကောင်းမွန်မွန် ရင်ဆိုင်တုံ့ပြန်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အများက အသိအမှတ်ပြုသည့် ချီးကျူးစကားပြောဆိုမှုများလည်း ရှိနေပါကြောင်း၊ ယင်းကို မိမိတို့ ဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့ ပြည်သူများအတွက် ဂုဏ်ယူသည်ဟု ပြောလိုပါကြောင်း၊ သို့သော် ကပ်ရောဂါ မပြီးသေးသည့်အတွက် မိမိတို့ ပြည်သူများကို ထပ်တလဲလဲ သတိပေးနှိုးဆော်နေရဆဲပင် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံကို အချင်းချင်းသွေးကွဲပြီး မညီညွတ်သည့်၊ ပဋိပက္ခများဖြင့် ပြည့်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်ခဲ့ကြသော်လည်း တစ်နိုင်ငံလုံးနှင့် ဆိုင်သည့်စိန်ခေါ်မှုများကို လက်တွေ့ရင်ဆိုင်လာရချိန်တွင် မိမိတို့ ပြည်သူများ စည်းလုံးညီညွတ်ပြီး စည်းကမ်းရှိသည်ကို COVID – 19 ဖြစ်စဉ်တွင် အထင်အရှားတွေ့မြင်နိုင်ပါကြောင်း၊ နိုင်ငံငယ်သော်လည်း အခြေအနေမဆိုးရွားစေရန်နှင့် အကောင်းဆုံးအနေအထားရောက်စေရန် မိမိတို့ လုပ်ဆောင်နိုင်သည်ဆိုသည်ကို လက်တွေ့ပြသနေပြီ ဖြစ်ပါကြောင်း။

အလားတူ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အစည်းအဝေးများ ခေါ်ယူတွေ့ဆုံညှိနှိုင်း၍ မရသည့်အခြေအနေ၊ NCA လမ်းကြောင်းရပ်ဆိုင်းသွားရသည့်အခြေအနေမှ ယနေ့တွင် (၂၁) ရာစုပင်လုံ ညီလာခံကိုကျင်းပနိုင်သည့်အနေအထားကို ရောက်လာပြီဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံရေးသဘောတူညီချက်များရယူနိုင်သည့် အနေအထားကို ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်၍ တစ်လှမ်းပြီး တစ်လှမ်း၊ တစ်ဆင့်ပြီး တစ်ဆင့် ဖော်ဆောင်နိုင်မည့် အဆင့်လိုက်အစီအစဉ်တစ်ခုရယူနိုင်သည့်အနေအထားကို ရောက်ရှိလာခဲ့ပြီ ဖြစ်ပါကြောင်း။

## ငြိမ်းချမ်းရေးအမွေအနှစ်တစ်ခု

ထိုသို့ အောင်မြင်မှုများရရှိလာခြင်းသည် ယနေ့အစည်းအဝေးကို တက်ရောက်လာခဲ့ကြသည့် နှစ်ဖက်သောခေါင်းဆောင်များ၊ နှစ်ဖက်အလုပ်အဖွဲ့များနှင့် အဘက်ဘက်က ပံ့ပိုးကူညီသူများ၏ ငြိမ်းချမ်းရေးအပေါ် နှစ်နှစ်ကာကာ အလေးအနက်ထားမှုများကြောင့် ယနေ့ကဲ့သို့ အနေအထားအထိ ရောက်ရှိလာခဲ့သည်ကို အလေးအနက်ထား ပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးခရီးတွင် မိမိတို့ ရှေ့သို့များစွာ ဆက်လက်လျှောက်လှမ်းကြရဦးမည်ဖြစ်ပါကြောင်း၊ ယနေ့ရရှိထားသည့် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုများကြောင့် ရှေ့ဆက်မည့်ခရီးတွင် ပိုမိုထိရောက်ကောင်းမွန်ပြီး ခိုင်မာမှန်ကန်သည့် ခြေလှမ်းသစ်များ ဆက်လက်လျှောက်လှမ်းနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ထားပါကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့ ပြည်ထောင်စု၏ အနာဂတ်ခရီးအတွက် မိမိတို့ အသက်ရှင်နေစဉ်နှင့် မိမိတို့ ကြိုးစားခွင့်ရနေစဉ်အတွင်း အတတ်နိုင်ဆုံး၊ အကောင်းဆုံး ကြိုးပမ်းအားထုတ်၍ မိမိတို့၏ မျိုးဆက်သစ်များလက်ထဲသို့ ငြိမ်းချမ်းရေးအမွေအနှစ်တစ်ခု ခိုင်ခိုင်မာမာ လက်ဆင့်ကမ်းဆောင်ကြဉ်းပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တနေကြသည့်ထာဝရငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်




ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ် အမှာစကားပြောကြားစဉ်။

များနှင့်အညီ တည်ဆောက်ကြရေး ဦးတည်ဆောင်ရွက်လျက်ရှိရာ အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရန် JICM အလုပ်အဖွဲ့ဝင်များ၏ အားကြိုးမာန်တက် အကြိတ်အနယ် ဆွေးနွေးမှုရလဒ်သည် များစွာအထောက်အကူပေးသည့်အတွက် JICM အလုပ်အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် (၉)ကြိမ်မြောက် JICM အစည်းအဝေးသည် ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် JICM အစည်းအဝေး၌ ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက် (၈) ချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ခြင်း၏ ရလဒ်ဖြစ်ပါကြောင်း၊ ကြားကာလများတွင် ကြန့်ကြာသွားသည်မှာ မမျှော်လင့်ဘဲ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်သည့် ကိုဗစ်–၁၉ ကြောင့် ဆွေးနွေးပွဲများ ရပ်ဆိုင်းထားခဲ့ရသော်လည်း ရနိုင်သည့် နည်းလမ်းများဖြင့် Video Conferencing အပါအဝင် အလုပ်အဖွဲ့ဝင်များ၏ ညှိနှိုင်းဆွေးနွေးမှုများအရ (၉)ကြိမ်မြောက် JICM အစည်းအဝေးကို ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း။

## သဘောတူညီချက်များ

ယခုအစည်းအဝေးသည် အလုပ်အဖွဲ့များ၏ ကြိုတင်ညှိနှိုင်းသဘောတူညီချက်များအပေါ် အတည်ပြုကြရမည်ဖြစ်ပါကြောင်း၊ အလုပ်အဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြုပါသော်လည်း ဆွေးနွေးချက်များအပေါ် သုံးသပ်ရလျှင် ကြိုတင်ညှိနှိုင်း သဘောတူညီချက်များ ယခုထက်ပို၍ ရသင့်ပါကြောင်း၊ ယခု(၉)ကြိမ်မြောက် JICM ညှိနှိုင်းအစည်းအဝေးအတွက် အလုပ်အဖွဲ့များ ညှိနှိုင်းဆွေးနွေးမှု (၄)ကြိမ် ဆောင်ရွက်ရာတွင် အချို့အချက်များသည် NCA တွင် အတိအကျဖော်ပြပါရှိပြီး ဖြစ်သော်လည်း စာသားအဓိပ္ပာယ်အယူအဆ အနက်ကောက်မှု လွဲချော်သွားခြင်းဖြင့် ဆွေးနွေးရမည့် အချက်အသစ်အား မဆွေးနွေးနိုင်ဘဲ အယူအဆလွဲမှားနေသည့် သက်ဆိုင်ရာ NCA ပါအချက်ကို ထပ်မံရှင်းလင်းဆွေးနွေးရခြင်း၊ NCA ကိုအခြေခံသည့် ညှိနှိုင်းအစည်းအဝေးများ၌ Bilateral/Parallel ကဲ့သို့ မူလသဘောတူညီချက်ကိုပင် ထပ်မံ၍ ပြင်ဆင်လိုမှုကြောင့် အပြန်အလှန် ထပ်မံဆွေးနွေးရခြင်း၊ Federal Security System ကဲ့သို့ NCA တွင် မပါရှိဘဲ လုံခြုံရေးနှင့် မပတ်သက်သည့် စာသားများ ထည့်သွင်းဆွေးနွေးခြင်း စသည့်အချို့အချက်များအရ ရှေ့ဆက်လက်ဆွေးနွေးရမည့် အချက်များကို အရှိန်အဟုန်ဖြင့် ဆွေးနွေးရမည့်အစား နောက်ကြောင်းပြန် ရှင်းလင်းခြင်း၊ ထပ်မံဆွေးနွေးရခြင်းဖြင့် မလိုလားအပ်သော အဖိုးတန်အချိန်များ ကုန်ဆုံးသကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျှော်လင့်စောင့်စားနေသည့် ပန်းတိုင်ရောက်ရန် ကြန့်ကြာနေသည့်အတွက် အရပ်အဖွဲ့များ ရှေ့ဆက်လက်ပြီး ဆွေးနွေးရန် ကျန်ရှိသည့်အချက်များကို အရှိန်အဟုန်ဖြင့် ဆွေးနွေးရာတွင် သတိပြုရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ရာတွင် မိမိနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု၊ စရိုက်၊ လက္ခဏာများအပေါ်မူတည်ပြီး မိမိနိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပုံစံကိုသာ ချမှတ်ရမည်ဖြစ်ပြီး မိမိနိုင်ငံနှင့် လူမျိုးတို့၏ စရိုက်၊ လက္ခဏာနှင့် မကိုက်ညီသော အများသူငှာ တိုက်တွန်းသည် ပုံတူကူးချနည်း၊ အဓမ္မသွတ်သွင်းသည့် ပုံစံများအပေါ် သတိမမူ့ဂူမမြင်ဘဲ ဆွေးနွေးချက်များနှင့် ရလဒ်များကို အချိန်ကုန် လူပန်း ခရီးမတွင် မဖြစ်ရစေရန် ယခုတက်ရောက်လာကြသည့် တာဝန်ရှိသူများအားလုံးနှင့် မိမိတို့အလုပ်အဖွဲ့ဝင်များ၊ လက်အောက် ရဲဘော် ရဲဘက်များကို သတိပေးနေရန် လိုအပ်ပါကြောင်း။

ဥပမာအားဖြင့် အင်္ကျီတောင်မှ ကိုယ်တိုင်းနှင့် မချုပ်ဘဲ အသင့်ချုပ်ပြီးသား ဝယ်ဝတ်လျှင် တစ်ယောက်နှင့်တစ်ယောက် ဆိုဒ်ချင်းမတူသလို၊ ဆိုဒ်တူလျှင်တောင်မှ ပခုံးအကျဉ်းအကျယ်၊ လက်အတိုအရှည် ကွာခြားသလိုမျိုး ဖြစ်သည့်အတွက် မိမိရေ၊ မြေ၊ သဘာဝ၊ ဓလေ့ထုံးတမ်း၊ စရိုက်၊ လက္ခဏာများနှင့် ယဉ်ကျေးမှုအပေါ်တွင် အခြေခံ၍ "ဒို့တာဝန် အရေးသုံးပါး" ဦးတည်ချက် မပျောက်ပျက်စေဘဲ ဆက်လက်ဆွေးနွေးကြပြီး ရလဒ်ကောင်းများ ယခုထက်ပိုမိုရရှိပါစေဟု ဆန္ဒပြုအပ်ပါကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် လွတ်လပ်ရေးနှင့်အတူပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် အဖွဲ့အစည်းအချင်းချင်း ယုံကြည်မှုတည်ဆောက်သည့်နေရာတွင် မယုံကြည်မှုများ အတတ်နိုင်ဆုံး ဖြေလျှော့ကြရမည်ဖြစ်ရာ အဖွဲ့အစည်းအချင်းချင်း တစ်ဖက်နှင့်တစ်ဖက် သံသယဖြစ်စရာ၊ မသင်္ကာဖွယ်ဖြစ်စရာများကို လုံးဝဆောင်ရွက်ခြင်း မပြုလျှင် အကောင်းဆုံးဖြစ်ပါကြောင်း၊ ပုံသေနည်းအရ သံသယနည်းလျှင် ယုံကြည်မှုတိုးမည်ဖြစ်၍ အလုပ်အဖွဲ့များ ရှေ့ဆက်လက်ဆွေးနွေးရာတွင်လည်းကောင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်ဆံ ရာတွင်လည်းကောင်း သံသယဖြစ်စေမည့် ကိစ္စရပ်များကို အတတ်နိုင်ဆုံး ရှောင်ရှားပေးကြရန် ပြောကြားလိုပါကြောင်း။

## အတိအလင်းဖော်ပြထား

မိမိတို့သွားနေသည့် ဦးတည်ချက်သည် ပါတီစုံဒီမိုကရေစီစနစ် ထာဝရငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရမည်ဖြစ်သည့်အတွက် ဒီမိုကရေစီခေတ်တွင် လူတိုင်းသည် မိမိဆန္ဒကို ငြိမ်းချမ်းစွာ ဥပဒေနှင့်အညီ ဖော်ထုတ်နိုင်ခွင့်ရှိသကဲ့သို့ မည်သည့်အဖွဲ့အစည်းမဆို မိမိတို့၏ သဘောဆန္ဒကိုလည်း ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဖော်ထုတ်တင်ပြခွင့် ရှိကြပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြေခံဥပဒေပုဒ်မ ၃၅၄ တွင် အတိအလင်းဖော်ပြထားပြီးဖြစ်သည့်အတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ အပါအဝင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်များကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ ဆက်လက်ဆွေးနွေးရာတွင် မိမိအဖွဲ့အစည်းအလိုက် လိုလားသည့်၊ ဖြစ်သင့်သည့် ဆန္ဒများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်အောင်မြင်စွာ ဆွေးနွေးနိုင်ပါစေဟု ဆန္ဒပြုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသည့် (၉)ကြိမ်မြောက် JICM ညှိနှိုင်းအစည်းအဝေးသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ ရလဒ်ကောင်းများဖြင့် ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် ထည့်သွင်းဖော်ပြရန် အချက်များကို အတည်ပြုပေးသည့် အစည်းအဝေးဖြစ်၍ မင်္ဂလာရှိပါကြောင်း၊ ၂၀၂၀ အလွန် ဆက်လက်ဆွေးနွေးဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုဆိုင်ရာများနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ ဆွေးနွေးရာတွင်လည်း တစ်ဖက်နှင့် တစ်ဖက် အတိုးအလျှော့၊ အဆုတ်အတက်တို့ကို စိတ်ရှည်သည်းခံစွာဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဓလေ့၊ စရိုက်၊ လက္ခဏာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာနှင့် ကိုက်ညီသည့် အချက်အပေါ်တွင် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ဆွေးနွေးကြရန် တိုက်တွန်းအပ်ပါကြောင်း၊ ပြည်တွင်းအင်အားသည် ပြည်တွင်းမှာသာ ရှိပါကြောင်း၊ နွားကွဲလျှင် ကျားဆွဲတတ်ပါကြောင်း၊ စည်းလုံးညီညာအောင်ကြောင်းဖြာ ဖြစ်ပါကြောင်း၊ အရေးကြုံပါက ကိုယ့်တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်းသာ အေးအတူပူအမျှ ပြဿနာအရပ်ရပ်ကို စည်းလုံးညီညွတ်စွာ ဖြေရှင်းရမှာ ဖြစ်ပါကြောင်း၊ ကိုယ့်အားကိုယ်ကိုးမှသာ ရပါကြောင်း၊ ယနေ့သည် IT ခေတ်၊ Globalization ခေတ်ဖြစ်၍ တစ်နိုင်ငံတည်း တံခါးပိတ်ရပ်တည်၍ မရတော့ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရာတွင်လည်း ကိုယ်ကျိုးစီးပွားမူဝါဒ National Interest အပေါ်မူတည်ပြီး မည်သူမျှ မိမိကိုယ်ကိုယ်၊ မိမိလူမျိုး၊ မိမိတိုင်းပြည်ထက် ပိုပြီး၊ ကျော်ပြီး အခြားသူများ၊ အခြားလူမျိုး၊ အခြားနိုင်ငံအပေါ် မကောင်းနိုင်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ မည်သူမျှလည်း မိမိထက်ပိုပြီး စေတနာ၊ မေတ္တာ မျှဝေမပေးနိုင်ပါကြောင်းကို သတိမူကြပြီး မိမိတို့နိုင်ငံ အမြန်ဆုံး ထာဝရငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ပါစေကြောင်း၊ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ကိုယ်ရောစိတ်ပါနှစ်လျက် အားသွန်ခွန်စိုက် စိတ်တူကိုယ်တူ သံသယကင်းရှင်းစွာဖြင့် ဆက်လက်ဆောင်ရွက်သွားရန် စိတ်အားထက်သန်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်က JICM အစည်းအဝေးကို ပုံမှန်အတိုင်းဆိုလျှင် ၃ လ တစ်ကြိမ် ကျင်းပရမည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် (၈) ကြိမ်မြောက် JICM အစည်းအဝေးကို ကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်များအတွက် လမ်းညွှန်မှုများနှင့် ဆုံးဖြတ်ချက်များကို ချမှတ်ပေးနိုင်ခဲ့ပါကြောင်း၊ ယင်းလမ်းညွှန်မှုများနှင့် ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များကို တာဝန်ပေးအပ်ခဲ့ပါကြောင်း။

### ရလဒ်ကောင်းများ ရရှိခဲ့

(၈)ကြိမ်မြောက် JICM အစည်းအဝေးမှ ချမှတ်ပေးသည့် လမ်းညွှန်မှုများနှင့် ဆုံးဖြတ်ချက်များဖြစ်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ စတုတ္ထ အစည်းအဝေးကျင်းပရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာကိစ္စရပ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် EAO များ ပိုမိုပါဝင်လာရေး စသည့်အကြောင်းအရာများကို နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များက (၈) လနီးပါး အချိန်ယူ၍ တရားဝင်ညှိနှိုင်းအစည်းအဝေးကို (၈) ကြိမ် ကျင်းပကာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့သည့်အတွက် ထိုက်သင့်သည့် ရလဒ်ကောင်းများကို ရရှိခဲ့သည်ဟု သိရပါကြောင်း။

ထိုသို့ အချိန်ယူပြီး ညှိနှိုင်းအစည်းအဝေးများ စဉ်ဆက်မပြတ်ကျင်းပပြီး နှစ်ဖက်အတွက် မျှမျှတတဖြစ်စေသည့် ကျေနပ်လက်ခံနိုင်သည့် ရလဒ်ကောင်းများကို ရရှိအောင် ညှိနှိုင်းဆွေးနွေးပေးခဲ့ကြသည့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များကို ကျေးဇူးတင်ရှိပါကြောင်း၊ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို လာမည့် ဩဂုတ် ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ကျင်းပနိုင်အောင် စီစဉ်နိုင်ခဲ့ခြင်းသည် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ မဆုတ်မနစ်သော ဇွဲလုံ့လ၊ ဝီရိယနှင့် တစိုက်မတ်မတ်ကြိုးပမ်းမှုများ၏ ရလဒ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အပြုသဘောကောင်းမွန်သည့် ရလဒ်များရရှိအောင် နောက်ကွယ်မှ လမ်းညွှန်ကြီးကြပ်တည့်မတ်ပေးခဲ့သည့် နှစ်ဖက်အကြီးအကဲများ၊ ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည်လည်း အဓိကကျပါကြောင်း။

ယနေ့အစည်းအဝေးတွင် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့မှ တင်ပြလာသည့် ညှိနှိုင်းရေးအဖွဲ့များ၏ အစည်းအဝေးရလဒ်များကို JICM မှ အတည်ပြုပေးရမည် ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပမည့် အချိန်ဇယားကိုလည်း အတည်ပြုပေးရမည် ဖြစ်ပါကြောင်း၊ ကိုဗစ် –၁၉ ကပ်ရောဂါကာလ အခြေအနေအောက်တွင် ယနေ့ကျင်းပသည့် JICM အစည်းအဝေးသို့ တက်ရောက်နိုင်ရန် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုအပ်သည့် ခရီးသွားလာရေး အဆင်ပြေချောမွေ့အောင် မိမိတို့ NCA–S EAO ခေါင်းဆောင် ကိုယ်စားလှယ်များအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးမှုအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**တန်ဖိုးရှိသည့် အရာတစ်ခုကို ရရှိရန် များစွာပေးဆပ်ရပြီး အပင်ပန်းခံ၊ စိတ်ရှည် သည်းခံရ၊ မိမိတို့၏ ယုံကြည်ချက်သည် နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်မည်ဆိုပါက အခြေခံအားဖြင့် စေတနာ၊ ပညာနှင့် သတ္တိလိုအပ်၊ နိုင်ငံတိုးတက်စေချင်သည့် စေတနာရှိရမည်ဖြစ်၊**

**“အရေးကြီးသည့် ခြေလှမ်းများလျှောက်လှမ်းရာတွင် စေတနာ၊ ပညာနှင့် သတ္တိသည် အဓိကကျသည့် လိုအပ်ချက်များဖြစ်၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်အတွက် ပင်ပန်းစွာဆောင်ရွက်ရမည်ဖြစ်ပြီး အင်အားများစွာ စိုက်ထုတ်ရမည်ဖြစ်၊ ထို့ပြင် ဉာဏ်ပညာအစွမ်းများနှင့် ညီညွတ်ရေးများစွာတို့ကို စိုက်ထုတ်ရမည်ဖြစ်၊ ယင်းတို့ကို စိုက်ထုတ်လိုက်ပါက မိမိတို့လိုချင်သည့် ပန်းတိုင်၊ ထူထောင်ချင်သည့် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်ဖြစ်”**

### အထွေထွေကိစ္စရပ်များ ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ ဆွေးနွေးမည့် အကြောင်းအရာများနှင့် ဆွေးနွေးမှုပုံစံ သဘောတူညီချက်များ အတည်ပြုခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များဖြစ်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား–၁)၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုသဘောတူညီချက်များကို အတည်ပြုခြင်း၊ အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား နှစ်ဖက်ညှိနှိုင်းဆွေးနွေးဆဲ ကိစ္စရပ်များအား ဆက်လက်ညှိနှိုင်းဆွေးနွေးရန် အတည်ပြုခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပမည့် အချိန်ဇယားအတည်ပြုခြင်းနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် (၉)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)တွင် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့မှ တင်ပြလာသည့် ညှိနှိုင်းရေးအဖွဲ့များ၏ အစည်းအဝေးရလဒ်များကို တညီတညွတ်တည်း အတည်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပမည့် အချိန်ဇယားကိုလည်း အတည်ပြုပေးနိုင်ခဲ့သည့်အတွက် အစိုးရနှင့် NCA–S EAO ခေါင်းဆောင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

### အတည်ပြုပေးနိုင်ခဲ့

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ ဆွေးနွေးမည့် အကြောင်းအရာများနှင့် ဆွေးနွေးမှုပုံစံ သဘောတူညီချက်များ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များ၊ အစိုးရနှင့် NCA–S EAO များအကြား နှစ်ဖက်ညှိနှိုင်းဆွေးနွေးဆဲအကြောင်းအရာများအား ဆက်လက်ညှိနှိုင်းဆွေးနွေးခြင်းကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် EAO များ ပိုမိုပါဝင်လာရေး ဆက်လက်ကြိုးပမ်းဆောင်သွားခြင်းကိစ္စတို့ကို ယနေ့ အစည်းအဝေးတွင် အတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ယနေ့ JICM အစည်းအဝေးက အတည်ပြုပေးနိုင်သည့် အဆင့်ရောက်ရှိအောင် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များမှ အခက်အခဲအမျိုးမျိုး၊ အကျပ်အတည်းအမျိုးမျိုး၊ အတားအဆီးအမျိုးမျိုးကြားမှ စိတ်ရှည်လက်ရှည် ကြိုးပမ်းညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ရသည်ကို မိမိတို့အားလုံး အသိပင်ဖြစ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးရာတွင် တစ်ဖက်ဖက်အတွက် ရာခိုင်နှုန်းပြည့်ရရှိရန် မဖြစ်နိုင်ပါကြောင်း၊ သူလျှော့ကိုယ်လျှော့မှသာ ညှိနှိုင်းဆွေးနွေးမှု အောင်မြင်မည်ဖြစ်ပါကြောင်း၊ မိမိလိုချင်သည်ကို အပြည့်အဝရမှသာ ဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှေ့တိုး၍ ရမည်မဟုတ်ပါကြောင်း။

နှစ်ဦးနှစ်ဖက်မှ ထိုက်သင့်မျှတသည့် အလျှော့အတင်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး၏ ရလဒ်ဖြစ်လာမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ပါ အကြောင်းအရာများကို သဘောတူညီနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မားမားမတ်မတ် ရပ်တည်ပံ့ပိုးပေးသည့် နှစ်ဖက်အကြီးအကဲများ၊ ခေါင်းဆောင်များနှင့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များကို ချီးကျူးဂုဏ်ပြုပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် သာယာဖြောင့်ဖြူးရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် (၉)ကြိမ်မြောက် JICM အစည်းအဝေးတွင် အလုပ်အဖွဲ့များ၏ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် သဘောတူညီချက်(၇)ချက် ရရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပမည့်ရက်ကို အဖွဲ့အားလုံးက ညှိနှိုင်းသဘောတူဆုံးဖြတ်နိုင်သည့်အတွက် မြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလုပ်သားပြည်သူများအားလုံး မျှော်လင့်စောင့်ဆိုင်းနေသော အဖြေရလဒ်တစ်ခုရရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း။

ဆက်လက်ဆွေးနွေးရမည့် အကြောင်းအရာများကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှု ဇယား–၂ ကို ဆက်လက်ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် ပတ်သက်၍ အခြေခံမူများ၊ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများကို ဆက်လက်ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ ဆက်လက်ဆွေးနွေးသည့်အခါတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆွေးနွေးရမည့် အချက်များ၌ ဖြစ်သင့်သည့် လိုအင်ဆန္ဒ၊ ဖြစ်နိုင်သည့်အကြောင်းအချက်များကို ဦးတည်ဆွေးနွေးကြစေလိုပါကြောင်း၊ နိုင်ငံရေးယဉ်ကျေးမှုပုံစံအတိုင်း ငြိမ်းချမ်းစွာဖြင့် တစ်ဖက်နှင့် တစ်ဖက် အတိုးနှင့်အလျှော့၊ အဆုတ်နှင့်အတက် ဆွေးနွေးသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ထို့ပြင် မိမိတို့၏ မူလဦးတည်ချက်ဖြစ်သည့် “ဒို့တာဝန်အရေးသုံးပါး” ဦးတည်ချက်ကိုလည်း မပျောက်ပျက်စေရေးအတွက် မျက်ခြည်မပြတ်ရန် သတိပေးလိုပါကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ပတ်သက်သည့် ဓလေ့စရိုက်၊ ယဉ်ကျေးမှုများနှင့် ကိုက်ညီသည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ပုံစံကို ဦးတည်၍ ရလဒ်ကောင်းများ ယခုထက်မက ပိုမိုရရှိအောင် ဆက်လက်ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### စေတနာ၊ ပညာနှင့် သတ္တိလို

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တန်ဖိုးရှိသည့် အရာတစ်ခုကို ရရှိရန် များစွာပေးဆပ်ရပြီး အပင်ပန်းခံ၊ စိတ်ရှည်သည်းခံရပါကြောင်း၊ မိမိတို့၏ ယုံကြည်ချက်သည် နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်မည်ဆိုပါက အခြေခံအားဖြင့် စေတနာ၊ ပညာနှင့် သတ္တိလိုအပ်ပါကြောင်း၊ နိုင်ငံတိုးတက်စေချင်သည့် စေတနာရှိရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်ထောင်စုကြီးကို စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအနေဖြင့် ငြိမ်းချမ်းဖွံ့ဖြိုးစွာ ရပ်တည်နိုင်စေချင်သည့် စေတနာသည် အဓိကဖြစ်ပါကြောင်း၊ ယင်းစေတနာကို အခြေခံပြီး အားလုံးဆွေးနွေးသွားမည်ဆိုပါက မည်သည့် ပြဿနာမဆို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

သို့သော် စေတနာနှင့်ပင် မလုံလောက်ဘဲ ပညာလည်း လိုအပ်ပါကြောင်း၊ ပညာဟုပြောရာတွင် အခြေအနေကို သေချာစွာဆင်ခြင်ပြီး လုပ်သင့်လုပ်ထိုက်သည်ကို ဆုံးဖြတ်နိုင်သည့် ပညာလည်း လိုအပ်ပါကြောင်း၊ မိမိတို့သည် စေတနာအရ လိုချင်သည့်ပန်းတိုင်ကို ရောက်ရန်အတွက် ပညာဆိုသည့် ဆင်ခြင်တုံတရားကို ကျင့်သုံးမည်ဆိုပါက စေတနာအရ တိုးတက်မှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နောက်ဆုံးတွင် သတ္တိလိုအပ်ပါကြောင်း၊ စေတနာနှင့် မည်သို့ဆောင်ရွက်ရမည်ကိုသိသည့် ပညာရှိသော်လည်း မလုပ်ရဲသည်များရှိပါကြောင်း၊ အများကသဘောတူ၊ မတူဆိုသည့် စိုးရိမ်မှုများရှိပါကြောင်း၊ မိမိယုံကြည်ချက်အပေါ်တွင် ရပ်တည်သည့်အခါ မှားယွင်းမှုများ ဖြစ်ပေါ်ပါက ဆုတ်ယုတ်မှုများ ရှိနိုင်မည်လားဆိုသည့် စိုးရိမ်မှုများလည်း ရှိပါကြောင်း။

### ထူထောင်နိုင်မည်

ထို့ကြောင့် အရေးကြီးသည့် ခြေလှမ်းများလျှောက်လှမ်းရာတွင် စေတနာ၊ ပညာနှင့် သတ္တိသည် အဓိကကျသည့် လိုအပ်ချက်များဖြစ်ပါကြောင်း၊ မိမိတို့ ယခု အစည်းအဝေးအတွက် ပြင်ဆင်ပေးသည့် ညှိနှိုင်းရေးအဖွဲ့များသည် စေတနာ၊ ပညာ၊ သတ္တိနှင့် လုပ်ကိုင်ခဲ့သဖြင့် ယနေ့တွင် အားလုံးသဘောတူသည်ဟု ပြောရုံဖြင့် ပြီးသွားခြင်းသည် အပေါ်ယံကြည့်လိုက်ပါက လွယ်ကူသည်ဟု ထင်မြင်လိမ့်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ပင်ပန်းစွာ လုပ်ဆောင်ပေးခဲ့သူများရှိသည့်အတွက် ဖြစ်မြောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်အတွက် ပင်ပန်းစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး အင်အားများစွာစိုက်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဉာဏ်ပညာအစွမ်းများနှင့် ညီညွတ်ရေးများစွာတို့ကို စိုက်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို စိုက်ထုတ်လိုက်ပါက မိမိတို့လိုချင်သည့် ပန်းတိုင်၊ ထူထောင်ချင်သည့် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း။

**မိမိတို့ ပြည်ထောင်စုကြီးကို စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအနေဖြင့် ငြိမ်းချမ်း ဖွံ့ဖြိုးစွာ ရပ်တည်နိုင်စေချင်သည့် စေတနာသည် အဓိကဖြစ်၊ ယင်းစေတနာကို အခြေခံပြီး အားလုံးဆွေးနွေးသွားမည် ဆိုပါက မည်သည့် ပြဿနာမဆို ကျော်လွှား နိုင်မည်**

### ရေရှည်ရည်မှန်းချက်များ

ယင်းအသီးအပွင့်များကို ရရှိသည့်အခါ ဆောင်ရွက်ရကျိုးနပ်သည်ကို သိရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါ အသီးအပွင့်များသည် မိမိတို့အတွက်သာမဟုတ်ဘဲ နောင်လာနောက်သားများအတွက် ဆက်လက်၍ စားသုံးနိုင်မည့် အသီးအပွင့်များဖြစ်ပါကြောင်း၊ ယခုကဲ့သို ရေရှည်ရည်မှန်းချက်များဖြင့် လက်တွဲဆောင်ရွက်သွားနိုင်ရန် များစွာအရေးကြီးပါကြောင်း၊ မိမိတို့ ဆောင်ရွက်နေသည့် ကိစ္စမှန်သမျှသည် ရေတိုလုပ်ငန်းများမဟုတ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် လုပ်ငန်းများဖြစ်သည်ကို သဘောပေါက်နှလုံးသွင်းပါက လိုအပ်သည့် အင်အားများကို ထုတ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ပေးသည့် ကိစ္စမှန်သမျှသည် တန်ဖိုးဖြတ်၍ မရပါကြောင်း၊ ယခုကဲ့သို့ ကြိုးစားဆောင်ရွက်ရသည်ကို လျစ်လျူမရှုထားဘဲ အသိအမှတ်ပြုပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်ကြောင်း ပြောကြားလိုသည့်အနေဖြင့် ဂုဏ်ပြုလက်မှတ်များ အမှတ်တရပေးအပ်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဆောင်ရွက်ပေးသူများ၏ စေတနာ၊ ပညာ၊ သတ္တိကို အသိအမှတ်ပြုကြောင်း ပြသသည့်အနေဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ဩဂုတ် ၁၉ ရက်တွင် စတင်ကျင်းပမည့် ပင်လုံညီလာခံကြီး အောင်မြင်ရန်အတွက်လည်း ဝိုင်းဝန်းကူညီပေးမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

❊ *ကျောဖုံးမှ*

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျောင်းအုပ်ကြီး ဦးအင်ခန်းမုန်တို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အဆိုပါကျောင်း Multifuctional Hall ၌ တီးတိန်မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**စီမံချက်များ ရေးဆွဲဆောင်ရွက်**

ရှေးဦးစွာ သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခြင်းအခမ်းအနားကျင်းပရာ ဒုတိယသမ္မတက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် ဆန္ဒမဲပေးနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာများတွင် ဆန္ဒမဲစာရင်းများကို အများပြည်သူသို့ ထုတ်ပြန်ကြေညာထားပါကြောင်း၊ ထုတ်ပြန်ထားသည့် ဆန္ဒမဲစာရင်းများကို ပြန်လည်ကြည့်ရှုသည့်အခါ အချို့နေရာများတွင် မဲစာရင်းလိုအပ်ချက်များရှိနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မှန်ကန်သည့်မဲစာရင်းများ ရရှိနိုင်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ အထူးအလေးထား ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများအနေဖြင့် သာမန် ရွှေ့ပြောင်းနေထိုင်သူများ၊ ယာယီ ရွှေ့ပြောင်းနေထိုင်သူများ၏ လိုအပ်ချက်များဖြစ်သည့် တရားဝင်အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားမှတ်ပုံတင်တစ်မျိုးမျိုးကို သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေပါကြောင်း၊ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် တာဝန်ရှိသူများအနေဖြင့် တက်ညီလက်ညီ ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်တို့က ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

**လမ်းညွှန်ချက်များ လိုက်နာ**

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတက မိုးရာသီကာလအတွင်း တစ်နေရာမှတစ်နေရာသို့ သွားလာရန်ခက်ခဲသည့် ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် လာရောက်ရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည့်ကာလတွင် တစ်ကမ္ဘာလုံးအတွက် စိန်ခေါ်မှုဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ မိမိတို့နိုင်ငံတွင် အစိုးရ၊ နိုင်ငံ့ဝန်ထမ်းများ၊ အဖွဲ့အစည်းများ၊ ပြည်သူပြည်သားများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ကမ္ဘာတွင် ကာကွယ်ထိန်းချုပ်နိုင်သည့် အဆင့်တစ်ခု၌ ပါဝင်ရပ်တည်နေပါကြောင်း၊ မည်သည့်ဘေးအန္တရာယ်ပင် ဖြစ်စေကာမူ အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ် – ၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ကျောင်းဆောင်တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသား မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးသည် အရေးကြီးပါကြောင်း၊ အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း ၅ နှစ်တွင် တစ်ကြိမ်သာ ရရှိသည့် အခွင့်အရေးဖြစ်သည့်အတွက် မဲပေးခွင့်ရှိသူများ မဲမပေးနိုင်သည့်အဖြစ်မျိုး မဖြစ်စေရန် သေချာစွာ ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ မဲစာရင်းတွင် မိမိအမည်ပါ မပါ သွားရောက်စိစစ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် နှိုးဆော်ပေးကြရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကို စံချိန်စံညွှန်းမီ ရွေးကောက်ပွဲဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျပါဝင်မဲပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် မြို့မိမြို့ဖဒေသခံပြည်သူ ဦးခင်ဆွင်းမုန်က ဒေသလိုအပ်ချက်များဖြစ်သည့် တီးတိန်မြို့ကို ခရိုင်မြို့အဖြစ် ဖွဲ့စည်းပေးနိုင်ရေး၊ မြို့သောက်သုံးရေ ဖူလုံရေးအတွက် ၁၈ မိုင်ရေထွက်မှ ရေသွယ်ယူရရှိနိုင်ရေး၊ တီးတိန်ခုတင် ၁၀၀ ဆံ့ ဆေးရုံကို ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားသွယ်တန်းရရှိနိုင်ရေး၊ စက်မှုလက်မှုသိပ္ပံကျောင်းဖွင့်လှစ်ပေးနိုင်ရေးနှင့် မြို့နယ်အဆင့်မြင့်ခန်းမဆောင် ဆောက်လုပ်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ကိုဗစ် – ၁၉ ကာလတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေကြသည့် တီးတိန်မြို့ စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တွန်းဇံမြို့ရှိ ပိုးစာခြံသို့ရောက်ရှိကြရာ ခြံမန်နေဂျာ ဦးဟရိန်ထောင်ထန်းက ခြံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတသည် Multi Purpose Cyclone Shelter တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဆလိုင်းထောင်က အဆောက်အဦဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Multi Purpose Cyclone Shelter ရှင်းလင်းဆောင်၌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီး ဦးပေါင်လွန်မင်းထန်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့က Multi Purpose Cyclone Shelter တည်ဆောက်ပြီးစီးမှုအခြေအနေ၊ တည်ဆောက်ပြီးစီးသည့် Cyclone Shelter များအခြေအနေ၊ Cyclone Shelter များတွင် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တိုက်ပွဲရှောင်ပြည်သူများအတွက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီသို့ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများတင်ပြထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

အဆိုပါ Multi Purpose Cyclone Shelter အလျားပေ ၆၀၊ အနံပေ ၇၀ ရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၂၄ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တွန်းဇံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ဒုတိယသမ္မတက ဒေသလိုအပ်ချက် တင်ပြထားသည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးလျက်ရှိရာ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် ထပ်မံဖြည့်ဆည်းရန် လိုအပ်ချက်များကို သိရှိနိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်သို့ လာရောက်ခဲ့သည့် ယခင်ခရီးစဉ်များထက် အားရကျေနပ်မှုရှိပါကြောင်း၊ တွန်းဇံမြို့သည် ချင်းပြည်နယ်၏အစွန်အဖျားနယ်စပ်ဒေသအနီးတွင်တည်ရှိသဖြင့် ဖွံ့ဖြိုးရေး လိုအပ်ချက်များကို အခြားဒေသများထက် ပိုမိုအာရုံစိုက်လုပ်ဆောင်ပေးလျက်ရှိနေပါကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကန့်အသတ်ဖြင့် ဆောင်ရွက်နေရပါကြောင်း၊ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပွားနေသည့် ကိုဗစ်– ၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကိုဗစ် – ၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးနေကြသူများကို ကျေးဇူးတင်ရှိပါကြောင်း။

**ပါဝင်ဆောင်ရွက်**

မကြာမီကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲစာရင်းများ မှန်ကန်ပြီး မဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ခွင့် မဆုံးရှုံးစေရေး၊ နိုင်ငံတကာအသိအမှတ်ပြုသည့် အောင်မြင်သော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြည်သူလူထုအနေဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖဒေသခံပြည်သူ ဦးဂင်ဆွင်းမုန်က ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်သည့် တွန်းဇံမြို့နယ်အနီး ပတ်ဝန်းကျင်ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေဖူလုံရရှိရေးအတွက် ၂၈ မိုင်ရေထွက်မှ

*စာမျက်နှာ ၈ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်းဖြစ်ပွားလာပါက စနစ်တကျတုံ့ပြန်ဆောင်ရွက်ရေး စားပွဲဝိုင်းလေ့ကျင့်ခန်းဗဟိုအဆင့်ပြုလုပ်ခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၃

**မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းဖြစ်ပွားကာ လူနာအများအပြား တစ်ပြိုင်တည်းပေါ်ပေါက်လာပါက စနစ်တကျတုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် စားပွဲဝိုင်းလေ့ကျင့်ခန်း (Table–Top Exercise) ဗဟိုအဆင့် ပြုလုပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန COVID–19 Central Command Center ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိတွင် မိမိတို့မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သော်လည်း ဝန်ကြီးဌာနမှ နှီးဆော်တိုက်တွန်းထားသော ရောဂါကာကွယ်ရေးအတွက် ဆောင်ရန်အချက်များအား နေရာအများအပြား၌ လိုက်နာမှုနည်းပါးနေသည်ကို တွေ့ရှိနေရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရန်အတွက် လက်ရှိဆောင်ရွက်နေသည့် ရောဂါကာကွယ် ထိန်းချုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

## အမြဲမပြတ်လေ့လာဆန်းစစ်

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းဖြစ်ပွားပါက ကပ်ရောဂါဗေဒ ထိန်းချုပ်မှုနိယာမများကို မှီငြမ်း၍ စနစ်တကျ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စားပွဲဝိုင်းလေ့ကျင့်ခန်းကို ယခုကဲ့သို့ ပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ သည် ကမ္ဘာ့ကပ်ရောဂါဖြစ်သဖြင့် မိမိတို့နိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေကိုသာမက အိမ်နီးချင်းနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားကူးစက်မှုအခြေအနေများကိုပါ အမြဲမပြတ် လေ့လာဆန်းစစ်ကာ ထိန်းချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာတွင် သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ လူနာများတွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသူ ၄၀ ရာခိုင်နှုန်းခန့်၊ မပြင်းထန်သော ရောဂါလက္ခဏာရှိသူ ၄၀ ရာခိုင်နှုန်းခန့်၊ ဆေးရုံတက်ရောက်ကုသမှုခံရန် လိုအပ်သူ ၁၅ ရာခိုင်နှုန်းခန့်နှင့် ရောဂါပြင်းထန်သူ ၅ ရာခိုင်နှုန်းခန့် ရှိသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေကို ကူးစက်ရောဂါဗေဒရှုထောင့်မှ ကြည့်ရှုဆန်းစစ်ပါက ရောဂါဖြစ်ပွားသူစုစုပေါင်း ၃၆၀ ဦး ရှိပြီး ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းခန့်တွင် ရောဂါလက္ခဏာပြသခြင်း မရှိမှု၊ လူနာများ၏ ၅၅ ရာခိုင်နှုန်းသည် ပြင်ပနိုင်ငံများမှ ကူးစက်ဝင်ရောက်လာခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် တွေ့ရှိနေရသော လူနာများသည်လည်း ပြင်ပနိုင်ငံများမှ ကူးစက်ဝင်ရောက်လာသူများဖြစ်မှု၊ ကိုဗစ်-၁၉ လူနာ ၃၆၀ ဦးအနက် အထူးကြပ်မတ်ကုသမှုခံယူရသူ ၂၀ ဦးနှင့် အသက်ရှူစက် (ventilator) အသုံးပြုခဲ့ရသူ ငါးဦးသာရှိမှုတို့ကို တွေ့ရှိရပါကြောင်း၊ ယခုအချိန်၌ သံသယလူနာ၊ အသွားအလာကန့်သတ်ထားရှိသူနှင့် ကိုဗစ်-၁၉ လူနာများနှင့် ထိတွေ့မှုရှိခဲ့သူများ၏ ဓာတ်ခွဲနမူနာ စုစုပေါင်း၏ (၀ ဒသမ ၂၈) ရာခိုင်နှုန်းတွင် ရောဂါပိုးတွေ့ရှိခဲ့ပြီး ထိုသို့ ရောဂါပိုးတွေ့ရှိမှုနှုန်းသည် ဓာတ်ခွဲစစ်ဆေးမှုအရေအတွက် တိုးမြှင့်ခဲ့သော်လည်း မြင့်တက်လာခြင်းမရှိဘဲ တည်ငြိမ်နေမှု၊ လက်ရှိအခြေအနေတွင် သံသယလက္ခဏာလူနာအရေအတွက်များ ကျဆင်းလာမှု အသွားအလာ ကန့်သတ်ထားရှိရာနေရာအရေအတွက်နှင့် လူဦးရေကျဆင်းလာမှုတို့သည် ကောင်းမွန်သော လက္ခဏာများ ဖြစ်ပါကြောင်း။

## အလေးထားဆွေးနွေး

ယခု စားပွဲဝိုင်းလေ့ကျင့်ခန်းတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းဖြစ်ပွားပါက ရောဂါထိန်းချုပ်ရေး၊ ဓာတ်ခွဲစစ်ဆေးရေး၊ အသွားအလာကန့်သတ်ရေး၊ ကုသရေးအပါအဝင် လုပ်ငန်းများကို မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်သွားမည်၊ ထိုသို့ တုံ့ပြန်ဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်၊ ပစ္စည်းကိရိယာ၊ ဘဏ္ဍာငွေနှင့်အချိန် မည်မျှလိုအပ်မည်၊ တုံ့ပြန်ဆောင်ရွက်မှုများကို ကဏ္ဍအလိုက် တာဝန်ခွဲဝေမှုများ၊ နီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မည်ကဲ့သို့ ပြုလုပ်မည်တို့ကို ယခုလက်ရှိမြေပြင်အခြေအနေများနှင့်ချိန်ထိုးကာ အလေးထားဆွေးနွေးကြရမည်ဖြစ်ပါကြောင်း။

စားပွဲဝိုင်း လေ့ကျင့်ခန်းတွင် ဆွေးနွေးချက်များအရ တွေ့ရှိရသော လိုအပ်ချက်များကို အမြန်ဆုံး ကြိုတင်ဖြည့်ဆည်းခြင်းနှင့် လိုအပ်ပါက လက်ရှိရေးဆွဲထားသော လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကို မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ဤ ကိုဗစ်-၁၉ ကပ်ရောဂါသာမက အခြား ကပ်ရောဂါအမျိုးမျိုးသည် နောင်ကာလတွင်လည်း ပေါ်ပေါက်လာနိုင်သည်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ တာဝန်ရှိသူပညာရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု စွမ်းဆောင်ရည်များ မြင့်မားနေစေရေး ဤကဲ့သို့သော စားပွဲဝိုင်းလေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲသည် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာန၏ ဦးနှောက်သဖွယ်ပင်ဖြစ်သဖြင့် ဌာနခွဲမှ ဝန်ထမ်းပညာရှင်များအားလုံး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားစေရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲအနေဖြင့် စားပွဲဝိုင်းလေ့ကျင့်ခန်းအမျိုးမျိုးအတွက် ဖြစ်နိုင်ခြေရှိသော ဖြစ်ရပ်အကြောင်းအရာ (Case sce–nario) များကို စဉ်းစားပြုစုကာ စုစည်းထားရှိရမည်ဖြစ်ပါကြောင်း။

## ကြိုတင်ပြင်ဆင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့တွင်လည်း စားပွဲဝိုင်းလေ့ကျင့်ခန်းများကို လစဉ်ပြုလုပ် လေ့ကျင့်သင်ကြားစေလိုပါကြောင်း၊ စားပွဲဝိုင်းလေ့ကျင့်ခန်းများကို ဆွေးနွေးရာ၌ ဖြစ်နိုင်ခြေရှိသော ဖြစ်ရပ်များကို နောက်ခံထားရမည့်အပြင် မမျှော်မှန်းနိုင်သောအခြေအနေများ ပေါ်ပေါက်လာနိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနမှ ပညာရှင်ဝန်ထမ်းများအနေဖြင့် အဆိုးဆုံးဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို မျှော်မှန်းကာရရှိသော အရင်းအမြစ်များဖြင့် အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ တိုးသီရိအောင်၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သီတာအောင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဥာဏ်ဝင်းမြင့်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ လက်ထောက်ဆရာဝန် ဒေါက်တာ ဝေလျှံဖြိုးမောင်၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်တို့က ကိုဗစ်-၁၉ရောဂါနှင့် စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းတင်က မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်း ဖြစ်ပွားကာ လူနာအများအပြား တစ်ပြိုင်နက် ပေါ်ပေါက်လာပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ ကုသရေးဦးစီးဌာနနှင့် ဆေးရုံများ၊ ဓာတ်ခွဲဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများက မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်မည်ကို စားပွဲဝိုင်းလေ့ကျင့်ခန်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် စားပွဲဝိုင်းလေ့ကျင့်ခန်းကို အဖွဲ့များခွဲကာ ဆွေးနွေးခြင်း၊ အဖွဲ့လိုက်တင်ပြခြင်း၊ အဖွဲ့အချင်းချင်း အပြန်အလှန်ဆွေးနွေးခြင်း၊ လိုအပ်ချက်များဖော်ထုတ်ခြင်းနှင့် စားပွဲဝိုင်းလေ့ကျင့်ခန်းမှ တွေ့ရှိချက်များကို တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ စားပွဲဝိုင်းလေ့ကျင့်ခန်းသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ကုသ/ ကာကွယ်/ ဆေးခုံဌာနခွဲ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၊ ဝယ်ယူရေးဌာနခွဲ၊ ဖြန့်ဖြူးရေးဌာနခွဲနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ဝန်ကြီးဌာန၏ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ အခြေခံကျန်းမာရေး တက္ကသိုလ်၊ ဆေးတက္ကသိုလ်များမှ လူမှုရေးနှင့် ကာကွယ်ရေးဆေးပညာဌာနများမှ ပါမောက္ခ/ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ အထူးကုဆရာဝန်ကြီးများက လေ့ကျင့်ခန်းပြုလုပ်ရာ COVID–19 Central Command Center သို့ လာရောက်၍ Video con–ferencing စနစ်ဖြင့် လည်းကောင်း တက်ရောက်ကြသည်။

သတင်းစဉ်

---

*စာမျက်နှာ ၇ မှ*

ရေသွယ်တန်းရရှိနိုင်ရေး၊ တွန်းဇံမြို့နှင့် ကျီခါးမြို့များသို့ မဟာဓာတ်အားလိုင်းမှ ဓာတ်အားသွယ်တန်းရရှိနိုင်ရေး၊ တွန်းဇံမြို့နှင့် ကျီခါးမြို့ရှိ ဆေးရုံအဆင့်တိုးမြှင့် ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိုးဦးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## ထောက်ပံ့ငွေများပေးအပ်

ယင်းနောက် ဒုတိယသမ္မတက ကိုဗစ် – ၁၉ ကာလတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေကြသည့် တွန်းဇံမြို့စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယသမ္မတသည် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွင်း ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ တိုးချဲ့နှစ်ထပ်လူနာဆောင်သစ်ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင် ငွေစံက အဆောက်အဦတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ အဆောက်အဦသည် အလျား ၉၅ ပေ၊ အနံပေ ၅၀ ရှိပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၄၇၂ ဒသမ ၃၆သန်း ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် မော်တော်ယာဉ်များဖြင့် မဏိပူရ်မြစ်ကူး၊ ဗားရ်တံတား(အရန်) တည်ဆောက်သည့်နေရာသို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရွှေလေးနှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမျိုးဝင်းတို့က တံတားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် မဏိပူရ်မြစ်ကူး၊ ဗားရ်တံတား(အရန်) တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

## သံကူကွန်ကရစ်အမျိုးအစား

ဗားရ်တံတား အမှတ်(၂) သည် တံတားအရှည် ၅၅၇ ဒသမ ၇၇ ပေ ရှိပြီး အကျယ်ပေ ၃၀ ရှိကာ ရေလမ်းကင်းလွတ်အမြင့် ၉ ဒသမ ၈၄၃ ပေ ရှိကြောင်း၊ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စီမံကိန်းတန်ဖိုး ငွေကျပ်သန်း ၄၀၅၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ အသုံးပြုလျက်ရှိသည့် ဗားရ်တံတားအမှတ်(၁) သည် ၂၀၁၅ ခုနှစ် ကိုမာန်မုန်တိုင်းတိုက်ခတ်စဉ် မဏိပူရ်မြစ်ရေကြီးမှုကြောင့် တံတားသံပေါင်အောက်ခြေအထိ မြစ်ရေတက်ခဲ့သဖြင့် တံတားကို ခေတ္တပိတ်ခဲ့ရသည်။ မြစ်ရေပမာဏ ပိုမိုတက်ရောက်ခဲ့ပါက ဗားရ်တံတားအတွက် အန္တရာယ်ရှိနိုင်ပြီး ကလေး–ဖလမ်း–ဟားခါးလမ်းမကြီး အဆက်အသွယ် ပြတ်တောက်မှုဖြစ်ပေါ်လာနိုင်သဖြင့် ယခု တံတားအမှတ်(၂)ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# ကျိုက်ထိုမြို့နယ်တွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကျိုက်ထို ဩဂုတ် ၁၃

ကျိုက်ထိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့က မရမ်းချောင်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သစ္စာစီမံချက်ဖြင့် အသက် (၁၈)နှစ်ပြည့်ပြီးသည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာကော်မရှင်အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံစေတနာရှင်များနှင့် ပူးပေါင်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ယနေ့တွင် ကျေးရွာအုပ်စုသုံးစု၌ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ရှိနေသည့် ရပ်ကွက်/ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခင်မောင်စိုးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အွန်လိုင်းမီဒီယာနှင့် မူပိုင်ခွင့်ဆိုင်ရာ ခေါင်းစဉ်ဖြင့် မြန်မာ့မီဒီယာအရွေ့ အပေါ်သုံးသပ်ဆွေးနွေးပွဲကျင်းပ





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အွန်လိုင်းမီဒီယာနှင့် မူပိုင်ခွင့်ဆိုင်ရာ ခေါင်းစဉ်ဖြင့် မြန်မာ့မီဒီယာအရွေ့အပေါ်သုံးသပ်ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၁၃**

အွန်လိုင်းမီဒီယာနှင့် မူပိုင်ခွင့်ဆိုင်ရာ ခေါင်းစဉ်ဖြင့် မြန်မာ့မီဒီယာအရွေ့ အပေါ် သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်း ခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းဆောင်ရွက်**

အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် က အဖွင့်အမှာ စကားပြောကြားရာ၌ ယခုအခါ မီဒီယာ၏ ပုံသဏ္ဌာန်၊ မီဒီယာ ရှုမျှော်ခင်းသည် ပြောင်းလဲသွားပြီး ဒစ်ဂျစ်တယ်မီဒီယာများအဖြစ် အသွင် သဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက် လာပါကြောင်း၊ မီဒီယာလုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် မိမိတို့ ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင် နေသူများအနေဖြင့် ကမ္ဘာ့မီဒီယာ အကြောင်း၊ မြန်မာ့မီဒီယာအကြောင်း နှင့် မီဒီယာ၏အရွေ့ကို သိရှိရန် လိုအပ်သကဲ့သို့ မည်သို့လိုက်ပါ တည်ဆောက်ရမည်ကို သိရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခု ကဲ့သို့ ဆွေးနွေးပွဲများကို ကျင်းပရခြင်း ဖြစ်ပြီး လေ့လာစရာ၊ ဆွေးနွေးစရာ၊ မျှဝေစရာ များစွာရှိပါကြောင်း၊ ကောင်းသည့်ဘက်ကို ဦးတည် နိုင်သည့် မီဒီယာအရွေ့ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး ချုပ် ဦးကိုကိုနိုင် က ပုံနှိပ်မီဒီယာနှင့် Digital Revolution and Society Changes အကြောင်းကို ရှင်းလင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် အွန်လိုင်းမီဒီယာ နှင့် မူပိုင်ခွင့်ဆိုင်ရာခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက် ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင် သံကြားမှ ဦးစီးအရာရှိ ဦးကျော်သက် လင်းက ညှိနှိုင်းရေးမှူး(Moderator) အဖြစ် ဆောင်ရွက်ပြီး မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများအကြောင်းကို ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငွေး က လည်းကောင်း၊ အွန်လိုင်းမီဒီယာ နှင့် ရုပ်သံလွှင့်မီဒီယာအကြောင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံက လည်းကောင်း၊ ပုံနှိပ်မီဒီယာများအကြောင်းကို ပုံနှိပ် ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ စာတည်း ဒေါ်မေသူစိုးက လည်း ကောင်း၊ မြန်မာ့မီဒီယာအရွေ့နှင့် သတင်းမီဒီယာ ဥပဒေအကြောင်းကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာတည်း ဒေါ်ဟန်နီဝင်းက လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလို သည်များကို မေးမြန်းကာ အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မီဒီယာအရွေ့ သည် ရှောင်လွှဲ၍ မရနိုင်သည့်အတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင် ဆောင်ရွက်ကြရန် အကြံပြုဖြည့်စွက် ဆွေးနွေးသည်။

**နိဂုံးချုပ် အမှာစကားပြော**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကားပြောကြားကာ အွန်လိုင်း မီဒီယာနှင့် မူပိုင်ခွင့်ဆိုင်ရာခေါင်းစဉ် ဖြင့် မြန်မာ့မီဒီယာအရွေ့အပေါ် သုံးသပ်ဆွေးနွေးပွဲကို ရုပ်သိမ်း ခဲ့သည်။ **သတင်းစဉ်**



ဒုတိယ ဝန်ကြီး ဦးအောင် လှထွန်း အကြံပြု ဖြည့်စွက် ဆွေးနွေးစဉ်။



ဦးကိုကိုနိုင်
(ခေတ္တညွှန်ကြားရေးမှူးချုပ်)



ဦးကျော်သက်လင်း
(ဦးစီးအရာရှိ)



ဦးကျော်ငွေး
(ဒုတိယညွှန်ကြားရေးမှူး)



ဒေါ်မြတ်ကြေးမုံ
(လက်ထောက်ညွှန်ကြားရေးမှူး)



ဒေါ်မေသူစိုး
(စာတည်း)



ဒေါ်ဟန်နီဝင်း
(စာတည်း)

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များအား တောင်သူများ လက်ဝယ်အရောက်ပေးအပ်

## ပိုင်ဆိုင်မှုအထောက်အထားဖြစ်သည့်အတွက် အရေးကြီးအသုံးဝင်ပြီး မှန်မှန်ကန်ကန်အသုံးချထိန်းသိမ်းရန်လို




**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ယနေ့နံနက် ၈ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တောင်သူများလက်ဝယ်အရောက် ပုံစံ(၇) များ ပေးအပ်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ရခြင်း နှင့်စပ်လျဉ်း၍ ပုံစံ (၇) သည် တောင်သူဦးကြီးများ၏ ပိုင်ဆိုင်မှု အထောက်အထားဖြစ်သည့်အတွက် အလွန် အရေးကြီးအသုံးဝင်ကြောင်း၊ မှန်မှန်ကန်ကန် အသုံးချ တတ်ရန်နှင့် ထိန်းသိမ်းထားရန်လိုကြောင်း၊ စိုက်ပျိုးရာ တွင်လည်း ဆန်စပါးအပြင် ရာသီဥတုနှင့် ကိုက်ညီသည့် အခြားသီးနှံများကိုလည်း သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များနှင့် တိုင်ပင် ညှိနှိုင်း၍ စိုက်ပျိုးကြရန်လိုကြောင်း၊ လယ်ယာမြေခွင့်ပြု လက်မှတ်ရရှိသောကြောင့် တရားဝင်ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် အမွေဆက်ခံပိုင်ခွင့် ကိစ္စရပ်များအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်များ ရရှိ နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)အား တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး တောင်သူများကိုယ်စား တောင်သူ ဦးတင်မောင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုရားတောင်၊ တောင်ညို နှင့် မောင်ရမ်းကျေးရွာအုပ်စုများမှ တောင်သူ ၈၃ ဦးအား လယ် ဧက ၉၅ ဒသမ ၂၂ ဧကနှင့် ယာဧက ၁၀၉ ဒသမ ၄၀ ဧက၊ စုစုပေါင်းလယ်ယာမြေဧက ၂၀၄ ဒသမ ၆၂ ဧက အတွက် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စရပ်များကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၃

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်ခင်-စည်ပင်-တောင်ခမောက်-ပင်စုံ-ပင်စိမ်းပင် (၇/၀) မိုင် ကျောက်ရောမြေလမ်းနှင့် ငါးပေ Box Culvert ၂၄ စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။

### ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၁၂ ရက်တွင် ရွာငံ မြို့နယ် ရွာငံ-မျှားကလေး (၁၂/၄) မိုင်အနက် (၉/၀) မိုင် ဖောက်လုပ်ထားရှိပြီး ကျန်ရှိသည့် (၃/၄) မိုင် အပြီးသတ်ကျောက်ခင်းခြင်း၊ ပင်လောင်းမြို့နယ်ရှိ နောင်မူလမ်းခွဲ-ကျောက်ဆင့် (၂/၀) မိုင် ကျောက်ရောမြေလမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert ခြောက်စင်း ဆောင်ရွက်ပြီးစီးမှု၊ တောင်ခမောက်-စည်ပင်-ပင်ခင် (၄/၀) မိုင် ကျောက်ရောမြေလမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert ၁၂ စင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွာငံမြို့ ဆင်နက်ချောင်းကျေးရွာတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာရေပေးဝေရေးလုပ်ငန်းတွင် လိုအပ်လျက်ရှိသည့် ထရန်စဖော်မာနှင့် မီးကြိုးများ ထောက်ပံ့ပေးနိုင်ရေးအတွက် တပ်ဆင်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ပင်လောင်းမြို့နယ် စည်ပင်ကျေးရွာ (၁/၄) မိုင် ရေသွယ်တန်းခြင်းနှင့် ရေအမြင့်တင်စနစ် ဆောင်ရွက်နေမှု၊ လိန်းညားကျေးရွာအုပ်စု ဝါးလီ-တောင်လေး-ဝါးပြုံး ကျေးရွာချင်းဆက်လမ်း (၇/၀) မိုင်အနက် (၂/၀) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းခွင်များတွင် ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာ အသီးသီး၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီ ပြီးစီးစေရေး၊ လူအင်အားသုံးဆောင်ရွက်ရသည့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အလေးထား လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် ပြန်လည်ပါဝင်ဆောင်ရွက်မည့် ဒေသအကျိုးပြုအနာဂတ် ခေါင်းဆောင်ငယ်များ ပေါ်ထွက်လာစေရေး ရည်မှန်းပြီး မိမိတို့ ဝန်ကြီးဌာနတွင် လူငယ်သင်တန်းကျောင်းများ၊ ဒီဂရီကောလိပ်များ နှင့် တက္ကသိုလ်တို့ကို ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ကိုယ်စိတ်ဘဝ မျှော်မှန်းချက်၊ ရည်မှန်းချက်များအတိုင်း ပေါက်မြောက်အောင်မြင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရန် မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများကို ဆုချီးမြှင့်၍ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်း၊ နည်းပြများကို ထောက်ပံ့ငွေများ ပေးအပ်ပြီးနောက် သင်တန်းကျောင်းဝင်း အတွင်းရှိ ကျောင်းသားအိပ်ဆောင်၊ ကျောင်းသူအိပ်ဆောင်များနှင့် စားရိပ်သာတို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ INGO အဖွဲ့အစည်း တစ်ခုဖြစ်သည့် Terra People Association (TPA) တို့ ပူးပေါင်း၍ TPA မှ ထည့်ဝင်ငွေကျပ် ၅၂၀ ဒသမ ၆ သန်း၊ ဝန်ကြီးဌာနမှ ထရန်စဖော်မာ တစ်လုံး တန်ဖိုးငွေကျပ် ၄၃၆ သန်းနှင့် အလှူရှင်တစ်ဦးက ရေသန့်စက်အတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၃၂၀၀၀ ဖြင့် ၂၀၁၄ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အင်းလေးဒေသ ရေဖြန့်ရေထွက်မှ ကျေးရွာ ၁၇ ရွာ ရေပေးဝေရေးလုပ်ငန်းများအား လိုအပ်သည်များ ပြန်လည်မွမ်းမံပြီး ရေလိုအပ်ချက်ရှိနေသော ကျေးရွာများကို ထပ်မံပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများအား တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ပြီး လတ်တလော ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ထောက်ပံ့ ငွေကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေပိုက်သွယ်တန်းထားသည့် အခြေအနေများ၊ လေဖိအားလျှော့စနစ်များ၊ အဖွင့်အပိတ်ဘားများ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပေးထားသည့် လုပ်ငန်းများ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးမြို့နယ်ရှိ လေဆိပ်ရှောင်ကွင်းလမ်း ဖောက်လုပ်မည့် ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသူရဇော်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့သည့် ပွေးလှ-ဝါးတရာ-မြေခြားလမ်းနှင့် လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်သည့် ဟဲဟိုး-ဘော်ဆိုင်း-ပင်းတယလမ်း ထိစပ်မှု အခြေအနေများ၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် ဟဲဟိုး-ပင်းတယလမ်းပိုင်းမှ လေဆိပ်ရှောင်ကွင်းလမ်း ဖောက်လုပ်မည့် လျာထားလမ်းကြောင်း လမ်းမြေရရှိရေးဥပဒေနှင့်အညီ ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ အဆင့်လိုက်ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကချင်ပြည်နယ်အတွင်း ပြည်ထောင်စုသဘောတူစာချုပ်ပါ လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်များ အကောင်အထည်ဖော်မှုနှင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဆိုင်ရာ ပံ့ပိုးကူညီမှုများဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ကချင်ပြည်နယ်အတွင်း ပြည်ထောင်စုသဘောတူစာချုပ်ပါ လူမှုရေးကဏ္ဍအခြေခံမူ သဘောတူညီချက်များ အကောင်အထည်ဖော်မှုနှင့် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ် (CERP) ဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာတွင် မိမိတို့ဒေသသို့ ပြန်လည်နေထိုင်လျက်ရှိသည့် နေရပ်စွန့်ခွာခဲ့ရသည့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို မေးမြန်းသည်။

### လိုအပ်ချက်များကို ဆွေးနွေး

ယင်းနောက် အခြေခံပညာ အလယ်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများနှင့် လိုအပ်ချက်များကို ဆွေးနွေးကာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အရ အကောင်အထည်ဖော်မည့် စိုက်ပျိုးမြေကေ ၁၀၀ ဖော်ထုတ်မည့်မြေနေရာများကို ကြည့်ရှုသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့မှုများ ဆောင်ရွက်သည်။ ကျေးရွာပြည်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့အစိုးရအနေဖြင့် တာဝန်စတင်ယူချိန်ကတည်းက တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဖော်ဆောင်ခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနက နေရပ်စွန့်ခွာရသူများကို ပံ့ပိုးကူညီမှုပေးခြင်း၊ စနစ်တကျ ပြန်လည်နေရာချထားနိုင်ရေးအတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ရေးဆွဲအတည်ပြုပြီး အကောင်အထည်ဖော်လျက်ရှိခြင်း၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များကို ပံ့ပိုးကူညီမှုပေးခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲခြင်းများကို စနစ်တကျတားဆီးကာကွယ်အရေးယူမှုများ ပြုလုပ်ခြင်း၊ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ ပါဝင်မှုနှုန်းမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ပညာရေးစနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ရေရှည်စီမံချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိခြင်း၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအတွက် ဥပဒေများပြဋ္ဌာန်း၍ အခွင့်အရေးများ ဖော်ဆောင်ပေးလျက်ရှိခြင်း၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများဆောင်ရွက်ရာတွင် လူမှုသဟဇာတသဘောတရားကို ထည့်သွင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အလွဲသုံးမှုလျှော့ချရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် စနစ်တကျစီမံချက်များဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိခြင်း၊ ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှုပပျောက်စေရေးဦးတည်သည့် စီမံချက်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် လက်ရှိ ကိုဗစ်-၁၉ ကာလတွင် အခက်အခဲများ ကြုံတွေ့နေရသော ပြည်သူများအတွက် အစိုးရက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေရပ်စွန့်ခွာရသူများအနေဖြင့် မိမိနေရပ်တွင် ပြန်လည်နေထိုင်ကြပြီး မိမိဒေသဖွံ့ဖြိုးရေးကို မိမိကိုယ်တိုင်ပါဝင် ဆောင်ရွက်ကြစေလိုကြောင်း၊ အစိုးရကလည်း အတတ်နိုင်ဆုံးပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပံ့ပိုးကူညီဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ဆက်လက်၍ နန်ဆန်ယန်ကျေးရွာရှိ အိမ်ထောင်စု ၉၈ စုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃ ဒသမ ၉၂ သန်း၊ ကလေးပျော်နေရာဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ် ၁၅ သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့က အိမ်ထောင်စု တစ်စုလျှင် ဆန်လေးပြည်နှုန်းဖြင့် စုစုပေါင်းဆန်အိတ် ၁၆ အိတ်တို့ကို ထောက်ပံ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေထိုင်လျက်ရှိသည့် ဒဘတ်ယန်ကျေးရွာကို လှည့်လည်ကြည့်ရှုပြီး ကျေးရွာသားများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမတွင် ကချင်ပြည်နယ်အတွင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ယွမ် ၄ သန်းအား ပြည်နယ်ဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့အပြင် IDPs စခန်းများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ထောက်ပံ့ငွေ တစ်အိမ်ထောင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၈၈၄၀ အတွက် စုစုပေါင်းငွေကျပ် ၃၅၃ ဒသမ ၆ သန်း၊ ကချင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် ၂၀၃ ဒသမ ၆ သန်း၊ IDPစခန်းများရှိ ဘိုးဘွားများ ထောက်ပံ့ငွေကျပ်သိန်း ၂၅၀၊ ၂၀၂၀ပြည့်နှစ် စတုတ္ထ (၃) လပတ်အတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၁၅၁ ဒသမ ၁ သန်းနှင့် ပြန်လည်နေရာချထားသည့် ကျေးရွာနှစ်ရွာအတွက် ကလေးပျော်နေရာ နှစ်ခု တည်ဆောက်နိုင်ရေးအတွက် ငွေကျပ်သိန်း ၃၀ တို့အား ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မင‌ေးတို့ သတင်းမီဒီယာများနှင့်တွေ့ဆုံ (၉) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မင‌ေးတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)ရှိ သန္တာခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ (၉) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



### တူညီချက် ၇ ချက်ရရှိ

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ (၉) ကြိမ်မြောက် JICM အစည်းအဝေးတွင် သဘောတူညီချက် ၇ ချက် ရရှိခဲ့ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်များကို မိမိတို့ ၈ လတာအတွင်း ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ သဘောတူညီချက်များ ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက်များကို UPDJC အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပြီး ညီလာခံတွင် လက်မှတ်ရေးထိုးချုပ်ဆိုမည်ဖြစ်ပါကြောင်း၊ ညီလာခံတွင် လက်မှတ်ရေးထိုးမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)သည် မိမိတို့ယခင်က လက်မှတ်ရေးထိုးခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ အစိတ်အပိုင်း (၂)တို့နှင့် မတူပါကြောင်း၊ လက်တွေ့အဆင့်လိုက်သွားမည့် အကောင်အထည်ဖော်မှုများကိုပ ါ မိမိတို့သဘောတူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီကူးပြောင်းရေးအဆင့်သုံးဆင့်နှင့် ဖက်ဒရယ်ကူးပြောင်းရေး အဆင့်သုံးဆင့်ကို ခြုံငုံစဉ်းစားပြီး အားလုံးက ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

ဆွေးနွေးညှိနှိုင်းမှုနှင့် အကောင်အထည်ဖော်မှုတွင်လည်း အဆင့်သုံးဆင့်ဖြင့် သွားပါကြောင်း၊ ပထမအဆင့်အနေဖြင့် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းသည့်အဆင့်၊ ဒုတိယအဆင့်အနေဖြင့် နည်းပညာအရ ဆွေးနွေးညှိနှိုင်းသည့်အဆင့်၊ တတိယအဆင့်အနေဖြင့် အကောင်အထည်ဖော်သည့်အဆင့်တို့ဖြစ်ပါကြောင်း၊ ဥပမာ ဖက်ဒရယ်နှင့်ပတ်သက်၍အချက်တစ်ချက် သဘောတူညီချက်ရပြီဆိုပါက ပထမအဆင့်တွင် မည်သို့မသွားမည်ကို စဉ်းစားပြီး သဘောတူညီချက်ရယူမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေး သဘောတူညီချက် မူတစ်ခုရပြီဆိုပါက နည်းပညာအရ လုပ်ငန်းစဉ်အပိုင်းများကို ပြန်ပြီးဆွေးနွေးရပါကြောင်း၊ ဆွေးနွေးပြီး အကောင်အထည်ဖော်သည့်အဆင့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပါ တစ်ပါတည်းပါသည့် သဘောဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အဖွင့်အမှာစကားတွင် ပြောကြားသွားသည့်အတိုင်း ပြည်ထောင်စုသဘောတူစာချုပ်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက်လည်း ခြုံငုံပါကြောင်း၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်လည်း ခြုံငုံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်လည်း ခြုံငုံမိပါကြောင်း၊ ထို့ကြောင့် လက်တွေ့ကျကျ၊ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မှုများ ရရှိခဲ့သည့်အတွက် ထူးခြားပြီး သိသာထင်ရှားသည့် ရလဒ်ကောင်းတစ်ခုဟု ရှုမြင်ပါကြောင်း။

### ငြိမ်းချမ်းရေး ဦးဆောင်သူများဆု

ယနေ့တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလတွင် JICM အစည်းအဝေး၌ ပါဝင်ဆောင်ရွက်ခဲ့သည့် နှစ်ဖက်သော ခေါင်းဆောင်များကို ငြိမ်းချမ်းရေး ဦးဆောင်သူများဆု ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခဲ့ပါကြောင်း၊ အလားတူ လာမည့် UPDJC အစည်းအဝေးတွင်လည်း ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ကာလအတွင်း UPDJC တွင် ပါဝင်ဆောင်ရွက်ခဲ့သူအားလုံး ၄၈ ဦးရှိပါကြောင်း၊ ယင်း ၄၈ ဦးကို ငြိမ်းချမ်းရေးဖော်ဆောင်သူများ ဆုတံဆိပ်ကို အပ်နှင်းမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ceasefire အပိုင်းတွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ကာလအတွင်း JMC-U တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် EAO နှင့်အစိုးရ ခေါင်းဆောင်များကိုလည်း ဆုချီးမြှင့်သွားမည် ဖြစ်ပါကြောင်း၊ ယင်းဆုတံဆိပ်ကို ငြိမ်းချမ်းရေးထိန်းသိမ်းသူများ ဆုတံဆိပ်ဟု အမည်ပေးထားပါကြောင်း။

ယင်းဆုတံဆိပ်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က NRPC ဥက္ကဋ္ဌအနေဖြင့် ချီးမြှင့်မည်ဖြစ်ပါကြောင်း၊ အဓိကချီးမြှင့်ရခြင်း အကြောင်းရင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိဂုံးချုပ်အမှာစကားတွင် ပါရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ခက်ခဲပါကြောင်း၊ ခက်ခဲသည့်အကြားက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပျောက်သွားလုနည်းပါးဖြစ်နေသည့် အနေအထားမှ NCA လမ်းကြောင်းပေါ်တွင် မပျောက်မပျက် ဆက်ပြီးတည်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ၎င်းတို့၏ ဆောင်ရွက်သည့် နယ်ပယ်အလိုက် ဆုတံဆိပ် ချီးမြှင့်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မင‌ေးက (၉) ကြိမ်မြောက် JICM အစည်းအဝေးတွင် သဘောတူညီချက် ၇ ချက် ရရှိခဲ့ပါကြောင်း၊ ယင်းသဘောတူညီချက်များသည် ပြီးခဲ့သည့် (၈) ကြိမ်မြောက် JICM အစည်းအဝေး၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ကြိုးစားခဲ့သည့် သဘောတူညီချက်များဖြစ်ပါကြောင်း။

သဘောတူညီချက် ၁ သည် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပသည့် အစိုးရနှင့် NCA-S EAO ၏ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် အကြောင်းအရာနှင့် ဆွေးနွေးမှုပုံစံ သဘောတူညီချက်များ ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် NCA အခန်း (၃) နှင့် အခန်း(၄)တွင် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ လုပ်ငန်းစဉ်စိစစ်ပြီး တစ်ဖွဲ့ချင်း မည်သို့ဆွေးနွေးရမည်၊ စုပေါင်းပြီး မည်သို့ဆွေးနွေးရမည်ဆိုသည့်အပိုင်းကို သဘောတူညီသည့်အပိုင်း ဖြစ်ပါကြောင်း။

သဘောတူညီချက် ၂ သည် ပြည်ထောင်စုစာချုပ်အစိတ်အပိုင်းတွင် အပိုင်း ၃ ခုခွဲပြီး သဘောတူထားပါကြောင်း၊ အပိုင်း ၁ သည် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက် ၁၅ ချက် ရရှိခဲ့ပါကြောင်း၊ အပိုင်း ၂ တွင် ၂၀၂၀ အလွန် အစုလိုက်လုပ်ငန်းစဉ်နှင့် အဆင့်အလိုက် အကောင်အထည်ဖော်မှုတွင် ဇယား ၁ ခေါင်းစဉ်ကြီး ၈ ခု ကို သဘောတူညီချက်ရရှိခဲ့ပါကြောင်း။

အပိုင်း ၃ တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ ၅ ချက်ရရှိခဲ့ပါကြောင်း၊ ယင်းမှာ ရရှိခဲ့သည့် သဘောတူညီချက်ဖြစ်ပါကြောင်း၊ အပိုင်း ၃ ပိုင်းစလုံးကို ယနေ့ အစည်းအဝေးတွင် Union Accord တစ်ခု လက်မှတ်ရေးထိုးရန် သဘောတူခဲ့ပါကြောင်း။

### မှတ်တမ်းတင်သဘောတူ

သဘောတူညီချက် ၄ မှာ မိမိတို့ ဆက်လက်ဆွေးနွေးချက်ထားရှိခဲ့သည့် ၂၀၂၀ အဆင့်လိုက် လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်မှုမှာ ဇယား (၂) ရှိပါကြောင်း၊ ယင်းဇယား(၂)တစ်ခုလုံးကို မူအားဖြင့် ဆက်လက်ဆွေးနွေးသွားရန် သဘောတူထားခဲ့ပါကြောင်း၊ အသေးစိတ်ခေါင်းစဉ်ခွဲများကို ဆက်လက်ဆွေးနွေးရန်အဖြစ် ထားရှိခဲ့ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်ချက်အပေါ်မှာ သဘောမတူရသေးသည့် အချက် ၃ ချက်ရှိပါကြောင်း၊ ယင်းအချက် ၃ ချက်ကိုလည်း ဆက်လက်ဆွေးနွေးရန်အတွက် ထားခဲ့ပါကြောင်း၊ သဘောတူညီချက်တစ်ခုမှာ နှစ်ဖက်မိတ်ဖက်များက ဆွေးနွေးညှိနှိုင်းခဲ့သည့် သဘောတူညီချက် အားလုံးကို JICM ဆွေးနွေးပွဲကနေ မိမိတို့ သဘောတူညီချက်အားလုံးကို မှတ်တမ်းတင်သဘောတူထားပါကြောင်း၊ နောက်ထပ် ဆုံးဖြတ်ချက်တစ်ခုမှာ မိမိတို့ ညီလာခံကို လာမည့် ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွင် နေပြည်တော်၌ ကိုယ်စားလှယ် ၂၃၀ တက်ရောက်ပြီး ကျင်းပရန် သဘောတူထားပါကြောင်း။

ဆုံးဖြတ်ချက်နောက်တစ်ခုမှာ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး NCA တွင် လက်မှတ်ထိုးရန် ဝိုင်းဝန်းတိုက်တွန်းပေးရန်၊ ပါဝင်လာအောင်စည်းရုံးပေးရန် ယင်းသဘောတူညီချက်လည်းပါပါကြောင်း၊ အားလုံး (၇) ချက် ရရှိခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မင‌ေးတို့သည် သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မျိုးနိုင်ဟိန်း**

**ဓာတ်ပုံ - ကိုထိန်**

---

# ဓာတ်ခွဲခန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေမှုစိစစ်ခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ စီမံခန့်ခွဲရေးဌာနစုနှင့် ဓာတ်ခွဲခန်း (၇) ခုသည် နိုင်ငံတကာအဆင့်မီ ISO 9001: 2015 (QMS) လက်မှတ်ရရှိပြီးဖြစ်ရာ အဆိုပါ အသိအမှတ်ပြုလက်မှတ်ပါ အရည်အသွေးထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုအား ၂၀၂၀ ပြည့်နှစ်အတွင်း ဒုတိယအကြိမ်မြောက် ပြန်လည်သုံးသပ်စိစစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နဝရတ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးတို့က စိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိ ဓာတ်ခွဲခန်းများနှင့် စီမံခန့်ခွဲရေးဌာနစုမှ သုတေသနပညာရှင်များအနေဖြင့် ISO 9001: 2015 (QMS) သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လုပ်ငန်းများအား အစီအစဉ်နှင့် စနစ်တကျဆောင်ရွက်ရာတွင် သုတေသနပညာရှင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် ISO Internal Audit အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအား ပြန်လည် သုံးသပ်တင်ပြခြင်းကို သုတေသနမှူး ဒေါ်စီစီမြင့်ကလည်းကောင်း၊ ISO ရရှိထားသော ဓာတ်ခွဲခန်းအသီးသီးမှ လက်ရှိဆောင်ရွက်ချက်များနှင့် အကြံပြုချက်များ တင်ပြခြင်းကို သက်ဆိုင်ရာဓာတ်ခွဲခန်းများမှ တာဝန်ရှိသူများကလည်းကောင်း တင်ပြကြခြင်းအပေါ် တက်ရောက်လာကြသည့် သုတေသနပညာရှင်များက ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြသည်။




စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) ရှိ စီမံခန့်ခွဲရေးဌာနစုနှင့် ဓာတ်ခွဲခန်း (၇) ခုဖြစ်သည့် စိုက်ပျိုးရေး အဏုဇီဝဓာတ်ခွဲခန်း၊ အပင်ရောဂါဖြစ်ကြောင်း သက်ရှိများအမျိုးအစားခွဲခြားခြင်းနှင့် မွေးမြူရွေးချယ်ခြင်း ဓာတ်ခွဲခန်း၊ စိုက်ပျိုးရေအရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်း၊ အပင်ဇီဝ အရင်းအမြစ်များ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း ဓာတ်ခွဲခန်း၊ အပင်ဇီဝနည်းပညာ ဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာဓာတ်ခွဲခန်းနှင့် မြေနှင့်အပင်နမူနာဓာတ်ခွဲခန်းတို့သည် ISO 9001: 2015 (QMS) အသိအမှတ်ပြုလက်မှတ်ကို ၂၀၁၉ ခုနှစ်က ရရှိခဲ့ကြောင်း၊ အဆိုပါ ဓာတ်ခွဲခန်းများတွင် သုတေသနပညာရှင်များက တောင်သူများထံ မျိုးကောင်းမျိုးသန့်များ၊ အထွက်နှုန်းကောင်းမျိုးများ၊ ဒေသနှင့် ကိုက်ညီမည့် စပ်မျိုးများ ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး**

---

# ဝါးခယ်မတံတားရေလမ်းကြောင်းသတ်မှတ်

**နေပြည်တော် ဩဂုတ် ၁၃**

ဝါးခယ်မတံတားရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန် / အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့် ရေလယ်တိုင် အမှတ် (၂)အကြားမှ သတ်မှတ်ပေးထားကြောင်း သိရသည်။

ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၇၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာ ရှိသည်။ တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ တစ်ဖက်တစ်ချက်တွင် လေးမီတာအစွန်းထွက်နေသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

ရေယာဉ်များ တံတားရေလမ်းကြောင်းမှ ဖြတ်သန်းကြသည့်အခါ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲရေယာဉ်များတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်၊ အပြင်ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင်လည်း လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘရာဇီးတောင်ပိုင်း ပရာနာပြည်နယ်က ရုရှားကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်ရန် သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုး

ဘရာဆီးလီးယား ဩဂုတ် ၁၃

**သက်ဆိုင်ရာအရာရှိများက ကာကွယ်ဆေး၏ဘေးကင်းလုံခြုံရေးနှင့် အကျိုးသက်ရောက်မှုကို စိတ်ချရအောင် လုပ်ဆောင်ဦးမည်ဟု ပြောကြားနေသော်လည်း ဘရာဇီးပြည်နယ်တစ်ခုဖြစ်သည့် ပရာနာသည် ရုရှား၏ ကိုဗစ်-၁၉ ကာကွယ်ဆေးသစ်ကို စမ်းသပ်ထုတ်လုပ်ရန်အတွက် ဩဂုတ် ၁၂ ရက်က သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

အဆိုပါကာကွယ်ဆေးကို ဘရာဇီးတွင် မထုတ်လုပ်မီ ဘရာဇီးအာဏာပိုင်များ၏ သဘောတူခွင့်ပြုချက်ရရှိလိမ့်မည်ဖြစ်ကြောင်း၊ အဆင့်-၃ စမ်းသပ်မှုများကို ပြီးဆုံးအောင် ဆောင်ရွက်ခြင်း သို့မဟုတ် လူသားများတွင် အများအပြား စမ်းသပ်ခြင်းများ လုပ်ဆောင်ရန်လည်း သဘောတူခွင့်ပြုချက် ရရှိလိမ့်မည်ဖြစ်ကြောင်း တောင်ပိုင်းပြည်နယ်တစ်ခုဖြစ်သော ပရာနာပြည်နယ်မှ အရာရှိများက ပြောကြားလိုက်သည်။

ကာကွယ်ဆေးထုတ်လုပ်မှုများကို ၂၀၂၁ ခုနှစ် နှစ်ဝက်လောက်တွင် စတင်နိုင်လိမ့်မည်ဖြစ်ကြောင်း ပရာနာနည်းပညာအဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ ဂျော့ဂျ်ကယ်လာဒိုက ပြောကြားလိုက်သည်။ ၎င်းသည် ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်ရန် သဘောတူညီချက်ကို ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့သည်။ နည်းပညာဖလှယ်မှုများအပေါ် အမှန်တကယ်ကို ခမ္ဘမိဋ္ဌာန်ကျသော နားလည်မှုစာချွန်လွှာဖြစ်ကြောင်း၊ တာဝန်ဝတ္တရားများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ လွယ်ကူရိုးရှင်းစွာဖြင့် အတူတကွ လက်တွဲလုပ်ဆောင်ရန်ဖြစ်ကြောင်း ပရာနာနည်းပညာအဖွဲ့မှ အကြီးအကဲဖြစ်သူက ဗီဒီယိုအစည်းအဝေးတွင် ပြောကြားလိုက်သည်။ စာချုပ်အရ ရုရှားနိုင်ငံသည် အဆင့် -၁ နှင့် အဆင့် -၂ တို့၏ စမ်းသပ်မှုရလဒ်များကို ပရာနာပြည်နယ်နှင့် မျှဝေသွားရမည်ဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံသည် ကမ္ဘာ့ပထမဆုံး ကာကွယ်ဆေးကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၁၁ ရက်က ကြေညာခဲ့သည်။ သို့သော်လည်း နိုင်ငံတကာကျန်းမာရေးအရာရှိများက စမ်းသပ်မှုပိုမိုလုပ်ဆောင်ရန်နှင့် လုံခြုံစိတ်ချမှုနှင့် အာနိသင်ထက်မြက်မှုရှိရန် စေ့စေ့စပ်စပ်စစ်ဆေးမှုများလုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်မှုအသစ်များ အလျင်အမြန်ကူးစက်ပျံ့နှံ့လာသော ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးစမ်းသပ်ရန် အကောင်းဆုံးနေရာတစ်ခုဖြစ်လာခဲ့သည်။ အမေရိကန်ပြီးနောက် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုနှင့်သေဆုံးမှုတွင် ဒုတိယအမြင့်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။



တရုတ်က ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးကို စမ်းသပ်ထိုးနှံပေးနေစဉ်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃ ဒသမ ၁ သန်းရှိပြီး သေဆုံးသူ ၁၀၄၀၀၀ အထိ ရှိလာခဲ့သည်။ နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုး၏ အဆင့်သုံးစမ်းသပ်မှုများကိုလည်း ဘရာဇီးနိုင်ငံတွင် လုပ်ဆောင်လျက်ရှိပြီး တစ်မျိုးမှာ အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သော အက်စ်တရာ ဇနီးကားက ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်ပြီး နောက်တစ်ခုမှာ တရုတ်ဓာတ်ခွဲခန်းတစ်ခုဖြစ်သော ဆီနိုဗတ်စ်ဘိုင်အိုတက်ခ်မှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည်။ **အေအက်ဖ်ပီ**

## အင်ဒိုနီးရှားမီးတောင် ဆီနာဘွန် ပေါက်ကွဲပြီး နှစ်ကီလိုမီတာအထိ ပြာမှုန့်များ မှုတ်ထုတ်

**ဂျကာတာ ဩဂုတ် ၁၃**

အင်ဒိုနီးရှားကတော့ပုံမီးတောင် ဆီနာဘွန်သည် ဩဂုတ် ၁၃ ရက်က နောက်တစ်ကြိမ် ထပ်မံပေါက်ကွဲပြီး လေထုထဲသို့ နှစ်ကီလိုမီတာ (၁ ဒသမ ၂ မိုင်)အထိ ပြာမှုန့်များကို ပန်းဖွားပုံမှုတ်ထုတ်ခဲ့သောကြောင့် လေကြောင်းလိုင်းများကို သတိပေးမှုများ ပြုလုပ်ခဲ့ပြီး ချော်ရည်ပူများ စီးဆင်းလာမည်ကို စိုးရိမ်ထိတ်လန့်နေရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။



ဆူနာဘွန် မီးတောင်ပေါက်ကွဲနေသည်ကို တွေ့ရစဉ်။

စူမာတြားကျွန်းပေါ်ရှိ အသံမြည်ဟည်းလျက်ရှိသော မီးတောင်သည် သီတင်းပတ်တစ်ပတ်မပြည့်မီ အနည်းဆုံး ရှစ်ကြိမ်ထက်မနည်း ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့သော်လည်း ဒဏ်ရာရသေဆုံးသတင်း ဖော်ပြခြင်းမရှိခဲ့သလို ကြီးကြီးမားမား ပျက်စီးသည့် သတင်းဖော်ပြချက်မျိုးလည်း မရှိကြောင်း သိရသည်။

သက်ဆိုင်ရာအာဏာပိုင်များက မီးတောင်အနီး လေကြောင်းလိုင်းများ ပျံသန်းခြင်းနှင့်ပတ်သက်ပြီး သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

မီးတောင်သည် နောက်ထပ်ပိုမိုပေါက်ကွဲမှုများဖြစ်ပေါ်လာနိုင်သောကြောင့် လေကြောင်းလိုင်းများကို သတိထားရန်လည်း နှိုးဆော်ထားကြောင်း အမျိုးသားသဘာဝဘေးဒုက္ခလျော့နည်းသက်သာစေရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရာဒစ်ရာဂျာတီက ပြောကြားလိုက်သည်။ မီးတောင်ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး သတိပေးမှု ဒုတိယအမြင့်ဆုံးအဆင့်ထုတ်ပြန်ထားကြောင်း သိရသည်။ မီးတောင် အနီး ငါးကီလိုမီတာအတွင်း ဖြတ်သန်းသွားလာခြင်းမပြုရဇုန်အဖြစ် သက်ဆိုင်ရာအာဏာပိုင်များက သတ်မှတ်ထားပြီး ချော်ရည်ပူများ စီးဆင်းနိုင်ခြေရှိမှုကိုလည်း သတိပေးထားသည်။

ဒေသခံများကိုလည်း ကျန်းမာရေးအတွက် ပါးစပ်နှာခေါင်းစည်းများဝတ်ဆင်ထားရန် သက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## အစ္စရေးကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးဌာန လူမှုကွန်ရက်မှတစ်ဆင့် ဆိုက်ဘာတိုက်ခိုက်ခံရ

**ဂျေရုဆလင် ဩဂုတ် ၁၃**

မြောက်ကိုရီးယားနှင့် ဆက်နွယ်လျက်ရှိသော ဟက်ကာအဖွဲ့တစ်ဖွဲ့က လင့်ခ်ီဒင် လူမှုမီဒီယာမှတစ်ဆင့် နိုင်ငံ၏ ကာကွယ်ရေး စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဌာနကို ပစ်မှတ်ထားကာ ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ခဲ့သည့်အပေါ် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ခဲ့သည့်အဖွဲ့မှာ လာဇရုစ်ဖြစ်ပြီး ယင်းအဖွဲ့သည်အစ္စရေး၏ ကာကွယ်ရေးစစ်လက်နက်ပစ္စည်း ထုတ်လုပ်သည့်ကုမ္ပဏီများကို ပစ်မှတ်ထားခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဟက်ကာများသည် အဆင့်မြင့် နည်းပညာကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်နှင့် လူ့စွမ်းအားအရင်းအမြစ်အရာရှိများအဖြစ် ဟန်ဆောင်ထားပြီး အစ္စရေးကာကွယ်ရေး စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဌာန၏ ကွန်ပျူတာကွန်ရက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ သတင်းအချက်အလက်များရယူနိုင်ရန် ကာကွယ်ရေးစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဌာန၏ ဝန်ထမ်းများထံ လင့်ခ်ီဒင် အကောင့်မှတစ်ဆင့် အလုပ်ကမ်းလှမ်းမှုများ ပေးပို့ခဲ့သည်။

အမေရိကန်အစိုးရသည် လာဇရုစ်အုပ်စုကို အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ အဆိုပါအုပ်စုကို မြောက်ကိုရီးယားထောက်လှမ်းရေးဗျူရိုက ထိန်းချုပ်ထားကြောင်း ပြောဆိုနေကြသည်။ အမေရိကန်က အဆိုပါအုပ်စုသည် အဖျက်စွမ်းအားကြီးမားသော လက်နက်များ ထုတ်လုပ်ရန်ရန်ပုံငွေစုဆောင်းသည့်အနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက မည်သည့်အချိန်တွင် မည်သည့်ကုမ္ပဏီကို ပစ်မှတ်ထား၍ ဆိုက်ဘာတိုက်ခိုက်မှုပြုခဲ့သည်ဆိုသည်ကို ဖော်ပြပြောဆိုခြင်းမပြုပေ။ သို့သော်လည်း မည်သည့်သတင်းအချက်အလက်မှ ပေါက်ကြားခြင်းမရှိကြောင်းနှင့် ဆိုက်ဘာတိုက်ခိုက်မှုကို ချက်ချင်းခြေရာခံနိုင်ခဲ့ကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

## ကမ္ဘာတစ်ဝန်းလုံးရှိ ကျောင်းများ၏ ၄၃ ရာခိုင်နှုန်းခန့် လက်ဆေးကန်အသုံးမပြုနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာက ဖော်ပြ

**ဂျီနီဗာ ဩဂုတ် ၁၃**

လွန်ခဲ့သောနှစ်က ကမ္ဘာတစ်ဝန်းလုံးရှိ ကျောင်းများ၏ ၄၃ ရာခိုင်နှုန်းခန့် လက်ဆေးကန်အသုံးမပြုနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ခုတွင် ဖော်ပြလိုက်သည်။

လက်ဆေးကန်အသုံးပြုခြင်းသည် ကျန်းမာရေးအတွက် ဘေးကင်းလုံခြုံသော နည်းလမ်းတစ်ခုဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်တိုင် ကျောင်းများကို လုံခြုံစိတ်ချစွာဖြင့် ဖွင့်နိုင်မည်ဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ပူးတွဲပြီး ဩဂုတ် ၁၃ ရက်ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကြေညာချက်တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးပေါင်း ၈၁၈ သန်း ၎င်းတို့၏ကျောင်းများ၌ အခြေခံကျန်းမာရေး ဝန်ဆောင်မှုများမရရှိကြောင်း၊ ၎င်းတို့ထဲက ၂၉၅ သန်းခန့် သည် အာဖရိက-ဆာဟာရ ဒေသခွဲတွင် နေထိုင်သူအများစုဖြစ်ကြောင်း ဖော်ပြထားသည်။ ဩဂုတ် ၂ ရက်အထိ နိုင်ငံနှင့်နယ်မြေပေါင်း ၁၀၆ ခုတွင် ကျောင်းများ ပိတ်ထားရသောကြောင့် ယင်းက လူဦးရေ တစ်ဘီလီယံအပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးရှိ ကျောင်းသူ ကျောင်းသားပေါင်း ၆၀ ဒသမ ၅ ရာခိုင်နှုန်းခန့် ထိခိုက်ခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားလိုက်သည်။ ယူနီဆက်ဖ်အမှုဆောင်ညွှန်ကြားရေးမှူး ဟန်ရီတာဖိုးက လက်သန့်ရှင်းရေး ထောက်ပံ့ပေးမှု၊ သန့်ရှင်းသော ရေထောက်ပံ့ပေးမှု၊ မိလ္လာရေဆိုးစနစ်များလုံခြုံမှုစသည်တို့က ကျောင်းများပြန်လည်တက်ရောက်ရေးတွင် ကလေးများအတွက် မရှိမဖြစ် အရေးပါသောအရာများဖြစ်ကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**




ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လိုဂိုအမှတ်တံဆိပ်ကို တွေ့ရစဉ်။

## စည်းလုံးညီညွတ်ခြင်းသည် ကပ်ရောဂါကို အောင်မြင်စွာတိုက်ဖျက်ရန် အကောင်းဆုံးလက်နက်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံအမြဲတမ်းကိုယ်စားလှယ်ပြော

**ဂျီနီဗာ ဩဂုတ် ၁၃**

ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ကျန်းကျွင်းက ဩဂုတ် ၁၂ ရက် ကျင်းပသည့် လုံခြုံရေးကောင်စီတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ခြင်းသည် ကပ်ရောဂါကို အောင်မြင်စွာ တိုက်ဖျက်ရန် အကောင်းဆုံးလက်နက်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ငြိမ်းချမ်းမှုမရှိဘဲ တိုက်ခိုက်မှုဖြစ်ပွားနေသည့်နိုင်ငံများတွင် ကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရာတွင် အားနည်းလျက်ရှိရာ ယင်းနိုင်ငံများကိုကပ်ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းနှင့် ငြိမ်းချမ်းရေးနှင့်အသီးအပွင့်များ ပိုမိုခိုင်မာအောင် တည်ဆောက်ခြင်းသည် အရေးပါဆုံးအရာဖြစ်ကြောင်း ပြောကြားလိုက်သည်။

တိုက်ခိုက်နေကြသူများအနေဖြင့်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အဆိုပြုထားသည့် ကမ္ဘာလုံးဆိုင်ရာ အပစ်ရပ်စဲရေးကို အမြန်ဆုံးလက်တွေ့အကောင်အထည်ဖော်ပြီး ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ထောက်ခံအားပေးသွားကြရန် ၎င်းက ဆက်လက်တိုက်တွန်းပြောကြားလိုက်သည်။ **ဆင်ဟွာ**

# အရှိန်အဟုန်ပြင်းထန်လာသည့် လော့အိန်ဂျလိစ်တောမီးကြောင့် နေအိမ်ပေါင်း ၅၀၀ ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရ



လော့အိန်ဂျလိစ်တောမီး လူနေအိမ်များရှိရာအနီးသို့ ရောက်ရှိလာသည်ကို တွေ့ရစဉ်။

**လော့အိန်ဂျလိစ် ဩဂုတ် ၁၃**

လော့အိန်ဂျလိစ်၌ ဖြစ်ပွားနေသည့် တောမီးလောင်မှုသည် မြန်မြန်ဆန်ဆန်ဖြင့် အရှိန်အဟုန်ပြင်းထန်လာလျက်ရှိရာ တောမီးလောင်မှုဖြစ်ပွားရာ အနီးအနားရှိ နေအိမ် ၅၀၀ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

Lake Fire မှအစပြုသည့် တောမီးလောင်မှုသည် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် စတင်ခဲ့ပြီး နောက်ထပ် သုံးနာရီအတွင်း ဧက ၅၀ မှ ဧကပေါင်း ၁၀၀၀၀ အထိ မြန်မြန်ဆန်ဆန် ကူးစက်တောက်လောင်ခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် တောမီး ထိန်းချုပ်နိုင်မှု သုညရာခိုင်နှုန်းဖြစ်ခဲ့ပြီး အဆောက်အအုံအချို့ အန္တရာယ် ကျရောက်ခဲ့ကြောင်း သိရသည်။ တောမီးလောင်ရာမှထွက်ပေါ်လာသည့် မီးခိုးလုံးကြီးကို လော့အိန်ဂျလိစ်နိုင်ငံတကာလေဆိပ်မှ တောင်ဘက် ကီလိုမီတာ ၁၀၀ အကွာခန့်တွင် လှမ်းမြင်ရကြောင်း ဒေသသတင်းမီဒီယာတစ်ခုဖြစ်သည့် စီဘီအက်စ် သတင်းချန်နယ်က ဖော်ပြခဲ့သည်။

တောမီးလောင်ရာနေရာသို့ မီးသတ်တပ်ဖွဲ့ ၁၀ဖွဲ့ကိုစေလွှတ်ထားကြောင်း လော့အိန်ဂျလိစ်မီးသတ်ဌာနက ပြောကြားသည်။ တောမီးလောင်သည့်နေရာ၏ မြောက်ဘက်အနီးအနားတွင်နေထိုင်သည့် ဒေသခံပြည်သူများကို ကယ်ဆယ် ရွှေ့ပြောင်းနိုင်ရေးအတွက် လော့အိန်ဂျလိစ်ခရိုင်အုပ်ချုပ်ရေးဌာနက လော့အိန်ဂျလိစ် သစ်တောဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့များနှင့် အတူတကွဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

**ဆင်ဟွာ**

## စပိန်၌ စိတ်ချရသည့်အကွာအဝေးတွင်မနေပါက လမ်းပေါ်ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်မည်

**မက်ဒရစ် ဩဂုတ် ၁၃**

စပိန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသဖြစ်သည့် ဂါလီစီယာတွင် အများပြည်သူဆိုင်ရာနေရာများ၌ လူတစ်ဦးနှင့်တစ်ဦး စိတ်ချရသည့် အကွာအဝေးတွင်မနေလျှင် သို့မဟုတ် တစ်ဦးနှင့်တစ်ဦး နှစ်မီတာခွာ၍ နေရန် ချမှတ်ထားသည့်စည်းကမ်းကို လိုက်နာမှု မရှိကြောင်းတွေ့ရှိပါက လမ်းပေါ် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်မည်ဖြစ်ကြောင်း စပိန်အာဏာပိုင်များက ပြောကြားလိုက်သည်။

ဂါလီစီယာဒေသရှိ ကိုဗစ်-၁၉ ဆိုင်ရာ ကျွမ်းကျင်သူများကော်မတီ အစည်းအဝေးပြုလုပ်အပြီး သတင်းစာရှင်းလင်းပွဲတွင် ဂါလီစီယာဒေသ အကြီးအကဲ အယ်လ်ဘာတို နူနက်ဇ် ဖီဂျူက ခပ်ခွာခွာနေရန် စည်းကမ်းမလိုက်နာသူများအား လမ်းပေါ်ဆေးလိပ်သောက်ခွင့် ပိတ်ပင်မည့်အမိန့်သည် ဩဂုတ် ၁၃ ရက်တွင် စတင်သက်ရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



စပိန်၌ ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့ပြီးနောက် စားသုံးသူကင်းမဲ့နေသည့် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

အနီးအနားရှိ လူများနှင့် ကန့်သတ်အကွာအဝေးတွင် နေထိုင်ခြင်းမရှိဘဲ ဆေးလိပ်သောက်ခြင်းက ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းကို အလွန်မြင့်တက်စေနိုင်ကြောင်းနှင့် နေရာအနေအထားအရ ခပ်ခွာခွာနေထိုင်ရန်မဖြစ်နိုင်သည့် အများပြည်သူဆိုင်ရာနေရာများနှင့် လမ်းများတွင်ပါ ဆေးလိပ်သောက်ခွင့်တားမြစ်မည်ဖြစ်ကြောင်း ဖီဂျူကပြောသည်။

ဆေးလိပ် သောက်ခြင်းသည် ရောဂါကူးစက် ဖြစ်ပွားစေသည့် အကြောင်းရင်းတစ်ခုဖြစ်သောကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကို တားဆီးကာကွယ်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ယင်းပိတ်ပင်မှုကို လုပ်ဆောင်မည်ဖြစ်ကြောင်း ဂါလီစီယာ ဒေသအကြီးအကဲက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ရောဂါပျောက်ကင်းသွားသူတစ်ဦးတွင် ကိုဗစ်-၁၉ ထပ်မံတွေ့ရှိ

**ရှန်ဟိုင်း ဩဂုတ် ၁၃**

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရမှုကြောင့် ဆေးကုသမှုခံယူခဲ့ပြီးနောက် ရောဂါပျောက်ကင်းသွားသည့်အမျိုးသားတစ်ဦးမှာ လအနည်းငယ်ကြာပြီးနောက် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ရှန်ဟိုင်း စည်ပင်ကျန်းမာရေးကော်မရှင်က ဩဂုတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါအမျိုးသားသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်မှ ရှန်ဟိုင်းမြို့သို့ ဩဂုတ် ၁၀ ရက်တွင် ရောက်ရှိလာခဲ့သည်။ ၎င်းသည် နောက်တစ်ရက်တွင် ဖူဒန်တက္ကသိုလ်နှင့်ဆက်နွှယ်သည့် ကျုံရှန်ဆေးရုံသို့ သွားရောက်ခဲ့ရာ ၎င်းထံ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရှိနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

သို့ရာတွင် ၎င်း၌ ရောဂါလက္ခဏာပြသခြင်းမရှိပေ။ ရောဂါပိုးတွေ့ရှိခဲ့ပြီးနောက် အဆိုပါအမျိုးသားကို လိုအပ်သည့်စစ်ဆေးမှုများနှင့် ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ပြီးခဲ့သည့်ဧပြီလအတွင်းက အဆိုပါအမျိုးသားသည် ပြည်ပမှ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသည့်အတွက် ဆေးကုသမှုခံယူခဲ့ရာ ပျောက်ကင်းသွားပြီးနောက် ယခုတစ်ဖန် ရောဂါထပ်မံကူးစက်ခံရခြင်းဖြစ်ကြောင်းသိရသည်။

**ဆင်ဟွာ**

## မလေးရှား၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၅ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၃**

မလေးရှားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၅ ဦး ထပ်မံတွေ့ရှိခဲ့ရပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်စုစုပေါင်း ၉၁၂၉ ဦး အထိ ဖြစ်လာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ရောဂါပိုးတွေ့ရှိသူ ၁၅ ဦးအနက် လေးဦးမှာ ပြည်ပမှ ကူးစက်ခံခဲ့ရခြင်းဖြစ်ပြီး ၁၁ ဦးမှာ ပြည်တွင်း၌ ဒေသခံပြည်သူအချင်းချင်းကူးစက်ခံရခြင်း ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထွေထွေညွှန်ကြားရေးမှူး နော်ဟီရှမ် အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ကျန်းမာရေး အာဏာပိုင်များသည် ဘာသာရေးဆိုင်ရာအခမ်းအနားတစ်ခုအတွက် စုဝေးခဲ့ကြသည့် အဖွဲ့တစ်ဖွဲ့တွင် အစုလိုက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့ကြောင်း စုံစမ်းသိရှိခဲ့သည်။

မလေးရှားတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပြီးနောက် ရောဂါပျောက်ကင်းသွားသည့်အတွက် ဆေးရုံမှ ဆင်းသွားသူ အရေအတွက် ၈၈၂၁ဦးရှိပြီး ရောဂါကူးစက်ဖြစ်ပွားမှုပမာဏ၏ ၉၆ ဒသမ သုညရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆေးကုသမှုခံယူနေသူ ၁၈၃ဦးရှိပြီး နှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကာ အသက်ရှူအထောက်အကူပြုကိရိယာ ပေးရန်လိုအပ်သူမရှိသေးကြောင်း သိရသည်။လတ်တလောတွင် ရောဂါကြောင့် ထပ်မံသေဆုံးသူမရှိသေးပေ။ရောဂါကူးစက်ခံရမှုကြောင့်သေဆုံးသူ အရေအတွက် စုစုပေါင်းမှာ ၁၂၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျာမနီ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးအထိ ရောက်ရှိ

**ဘာလင် ဩဂုတ် ၁၃**

ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်လျက်ရှိပြီး ဩဂုတ် ၁၂ ရက်တွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးအမှတ်အထိ ရောက်ရှိလာခဲ့ကြောင်း ရောဘတ်ကိုချ်အင်စတီကျုက ဖော်ပြခဲ့သည်။

နိုင်ငံအတွင်း ဩဂုတ် ၁၂ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၂၆ ဦး ထပ်တိုးလာပြီး စုစုပေါင်း ရောဂါကူးစက်ခံရသူ အရေအတွက် ၂၁၈၅၁၉ ဦးအထိ ရှိလာခဲ့ကြောင်း အဆိုပါအင်စတီကျုက ပြောသည်။

ပြီးခဲ့သည့်ဧပြီလအစောပိုင်းတွင် ဂျာမနီ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ နေ့စဉ် ၆၀၀၀ ဝန်းကျင်အထိ ရှိခဲ့ပြီး မေလတွင် ကူးစက်ခံရသူအရေအတွက် လျော့ကျသွားခဲ့ကာ ဇူလိုင်လကုန်လောက်တွင် တစ်ဖန်ပြန်လည် မြင့်တက်လာခဲ့သည်။

ကူးစက်ဖြစ်ပွားမှုအများစုသည် ဂျာမနီနိုင်ငံတစ်ဝန်းရှိ မိသားစုဆိုင်ရာ အခမ်းအနား ပွဲလမ်းသဘင်များ၊ အားလပ်ရက်လှုပ်ရှားသွားလာမှုများနှင့် ပညာရေးဌာနများတွင် ပြုလုပ်သည့် စုဝေးမှုများနှင့် ဆက်နွှယ်ကာ ဖြစ်ပွားခဲ့ကြောင်း ရောဘတ်ကိုချ်အင်စတီကျုက ဖော်ပြခဲ့သည်။

ထို့ပြင် ဂျာမနီနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသွားများအကြား ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်လာနေကြောင်းသိရသည်။

**အေအက်ဖ်ပီ**



ဂျာမနီနိုင်ငံတွင် နှာခေါင်းစည်းတပ်ဆင်ထားကြသည့် မိသားစုအချို့ကို တွေ့ရစဉ်။

# အမေရိကန်ဒုတိယသမ္မတနေရာအတွက် ယှဉ်ပြိုင်အရွေးခံဖို့ ထွက်ပေါ်လာတဲ့ ကမ်မလာဟားရစ်

*ကလျာမိုးမြင့်*

**အမေရိကန်ရဲ့ ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် အလားအလာကောင်းနေတဲ့ ဂျိုးဘိုင်ဒင်ဟာ လာမယ့်နိုဝင်ဘာလမှာ ကျင်းပမယ့် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို စိန်ခေါ်ဖို့ ဒီမိုကရက်တစ် လုပ်ဖော်ကိုင်ဖက်တစ်ဦးကို လအနည်းငယ်ကြာအောင် ရှာဖွေခဲ့ပြီးတဲ့နောက်မှာတော့ သင့်တော်သူတစ်ဦးကို ရှာတွေ့သွားပြီ ဖြစ်ပါတယ်။ အဲဒီလူကတော့ တောင်အာရှနွယ်ဖွား အမေရိကန်နိုင်ငံသား လူမည်းအမျိုးသမီးတစ်ဦးဖြစ်တဲ့ ကမ်မလာဟားရစ်ပါပဲ။**



မစ္စတာ ဂျိုးဘိုင်ဒင်၏ တွဲဖက်အနေဖြင့် အမေရိကန်ဒုတိယသမ္မတနေရာအတွက် ယှဉ်ပြိုင်ရန်ရွေးချယ်ခံရသည့် ကမ်မလာဟားရစ်။

## အကြောက်အလန့်မရှိသူ

ကယ်လီဖိုးနီးယားပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ကမ်မလာဟားရစ်ကို ဂျိုးဘိုင်ဒင်က အမေရိကန်ရဲ့ ဒုတိယသမ္မတနေရာမှာ ပါဝင်ယှဉ်ပြိုင် အရွေးခံမယ့် တွဲဖက်တစ်ယောက်အဖြစ် ရွေးချယ်လိုက်တာဖြစ်ပါတယ်။ ကမ်မလာဟားရစ်ကို တွဲဖက်အဖြစ် ရွေးချယ်လိုက်ကြောင်း ကြေညာရတာကို ကျွန်တော့်အနေနဲ့ သိပ်ကို ဂုဏ်ယူတယ်။ သူဟာ အကောင်းဆုံး ပြည်သူ့ဝန်ထမ်းတစ်ယောက်ဖြစ်သလို လူငယ်လေးတွေအတွက် အကြောက်အလန့်မရှိ တိုက်ခိုက်တဲ့သူတစ်ဦးဖြစ်တယ်လို့ မစ္စတာ ဘိုင်ဒင်က တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ကယ်လီဖိုးနီးယား ပြည်နယ်က ရှေ့နေချုပ်ဟောင်းတစ်ဦးဖြစ်ခဲ့ဖူးတဲ့ ကမ်မလာဟားရစ်ဟာ အမေရိကန်ပြည်ထောင်စုတစ်လွှား လူမျိုးရေး ခွဲခြားခြင်းကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေ အကြီးအကျယ်ပေါ်ထွက်လာနေချိန်မှာ ရဲတပ်ဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ တိုက်တွန်းတောင်းဆိုနေသူဖြစ်ပါတယ်။

## ပြန်လည်ပေါင်းစည်းပေးနိုင်မယ့်သူ

လာမယ့် နိုဝင်ဘာလ ၃ ရက်နေ့ဆိုရင် မစ္စတာ ဂျိုးဘိုင်ဒင်ဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ အကြိတ်အနယ် ရင်ဆိုင်ယှဉ်ပြိုင်ရတော့မှာပါ။ ဩဂုတ် ၁၁ ရက်မှာ ကမ်မလာဟားရစ်ကို မစ္စတာဂျိုးဘိုင်ဒင်ရဲ့ တွဲဖက်အဖြစ် လူသိရှင်ကြား ကြေညာခဲ့ပြီးနောက် ကမ်မလာက မစ္စတာ ဘိုင်ဒင်ဟာ အမေရိကန်ပြည်သူတွေကို သွေးစည်းညီညွတ်အောင် ပြန်လည်ပေါင်းစည်းပေးနိုင်မယ့်သူဖြစ်တယ်လို့ ယုံကြည်ကြောင်း၊ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ ဘဝတစ်လျှောက်လုံး ကျွန်မတို့အတွက် တိုက်ခိုက်ရင်း ကုန်ဆုံးလာခဲ့သလို သမ္မတတစ်ဦးအနေနဲ့ဆိုရင် ကျွန်ုပ်တို့ရဲ့စိတ်ဆန္ဒတွေနဲ့ ကောင်းစွာထပ်တူကျတဲ့ အမေရိကကို တည်ဆောက်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။ အမေရိကန်ရဲ့ ဒုတိယသမ္မတနေရာအတွက် ကျွန်မတို့ပါတီရဲ့ အမည်တင်သွင်း အဆိုပြုမှုမှာ မစ္စတာ ဘိုင်ဒင်နဲ့အတူ လက်တွဲပူးပေါင်းရတာကို ဂုဏ်ယူမိတယ်လို့လည်း ကမ်မလာက ပြောကြားခဲ့ပါတယ်။

## စကားစစ်ထိုးယှဉ်ပြိုင်မယ်

ဩဂုတ် ၁၁ ရက်တွင် ပြုလုပ်ခဲ့တဲ့ အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မစ္စတာ ဘိုင်ဒင်ရဲ့ တွဲဖက်ရွေးချယ်မှုကို ၎င်းအနေနဲ့ ကျေနပ်သဘောကျကြောင်း ပြောကြားခဲ့ပေမယ့် ကမ်မလာဟားရစ်ဟာ ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်လာဖို့ ၎င်းကိုယ်တိုင်ရဲ့ ကြိုးပမ်းအားထုတ်မှုပိုင်းမှာ အတော်လေးအားနည်းခဲ့တယ်ဆိုပြီးတော့လည်း ဝေဖန်ထားပါတယ်။

လာမယ့်အောက်တိုဘာ ၇ ရက်မှာ ယူတားပြည်နယ်ဆော့လ်လိတ်စီးတီးမှာ ပြုလုပ်မယ့် စကားစစ်ထိုးပွဲမှာ ကမ်မလာဟာ သမ္မတထရမ့်ရဲ့တွဲဖက်ဖြစ်တဲ့ ဒုတိယသမ္မတ မိုက်ပန့်စ်နဲ့ အပြန်အလှန် စကားစစ်ထိုးယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဒီမိုကရက်တစ် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်နိုင်ဖို့ ယှဉ်ပြိုင်ခဲ့မှုအတွင်း ကမ်မလာဟားရစ်ဟာ အင်တိုက်အားတိုက် ဟောနိုင်ပြောနိုင်သူ တစ်ယောက်ဖြစ်ခဲ့ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အပေါ် ပျစ်ပျစ်နှစ်နှစ် စကားလုံးတွေနဲ့ ထိုးနှက်တိုက်ခိုက်ခဲ့သူ ဖြစ်ပါတယ်။

## ဒုတိယသမ္မတလောင်းရဲ့ လုပ်ဆောင်ချက်

လက်ရှိမှာတော့ ဒုတိယသမ္မတနေရာအတွက် ယှဉ်ပြိုင်အရွေးခံမယ့် တွဲဖက်တစ်ယောက်ရဲ့ လုပ်ဆောင်ရမယ့် အခန်းကဏ္ဍနဲ့ပတ်သက်လို့ အတိအလင်းထုတ်ဖော်ပြောဆိုခြင်းတော့ မရှိသေးပါဘူး။ ပုံမှန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းစဉ်တွေထဲကတစ်ခုကို ပြောရမယ်ဆိုရင်တော့ သမ္မတနေရာအတွက် ယှဉ်ပြိုင်နေတဲ့ ကိုယ်စားလှယ်လောင်းဟာ ပါတီရဲ့ပေးချင်တဲ့မက်ဆေ့ချ်ကို လူထုနဲ့ဆက်သွယ်ဖော်ပြနိုင်ဖို့ အာရုံစိုက်နေတဲ့အချိန်မှာ ဒုတိယသမ္မတနေရာအတွက် လျာထားခံရတဲ့ကိုယ်စားလှယ်ဟာ အတိုက်အခံဘက်က အားနည်းချက် ပျော့ကွက်ကို မြင်သာအောင်ထုတ်ဖော်ပြသပြီး ကန့်ကွက်တဲ့ လုပ်ဆောင်ချက်ကို ပြသရမှာဖြစ်တယ်လို့ သိရပါတယ်။

## လက်ဆင့်ကမ်းတာဝန်ယူမယ့်သူဖြစ်

နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ တကယ်လို့သာ သမ္မတဟာ ကွယ်လွန်သွားတယ် ဒါမှမဟုတ် ၎င်းရဲ့တာဝန်ထမ်းဆောင်မှုကာလအတွင်း ရုံးတော်ကနေ ထွက်သွားတယ်ဆိုရင် နိုင်ငံရဲ့အရေးကြီးဆုံးဖြစ်တဲ့ တာဝန်တွေကို ဒုတိယသမ္မတက လက်ဆင့်ကမ်း တာဝန်ယူရမှာပါ။ မစ္စတာ ဘိုင်ဒင်ဟာ လာမယ့်နိုဝင်ဘာ ၇ ရက်ဆိုရင် အသက် ၇၈ နှစ် ပြည့်တော့မှာဖြစ်ပြီး တကယ်လို့သာ ၎င်းအရွေးခံခဲ့ရရင် အမေရိကန်သမ္မတသမိုင်းမှာ အသက်အကြီးဆုံး သမ္မတတစ်ဦးဖြစ်လာတော့မယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။

လက်ရှိမှာ ဒုတိယသမ္မတနေရာအတွက် တွဲဖက်အဖြစ် ရွေးချယ်ခံရတဲ့ ကမ်မလာဟားရစ်လိုပဲ အမေရိကန်သမိုင်းကြောင်းမှာ ယခင်ကလည်း ဒုတိယသမ္မတနေရာအတွက် ဝင်အရွေးခံဖို့ အမျိုးသမီး ကိုယ်စားလှယ်လောင်းနှစ်ဦးကို အဆိုပြုခဲ့ဖူးပါတယ်။ အဲဒီအမျိုးသမီးနှစ်ဦးကတော့ ၂၀၀၈ ခုနှစ်မှာ ရီပတ်ဘလစ်ကန်ပါတီကို ကိုယ်စားပြုတဲ့ ဆာရာပါလင်နဲ့ ၁၉၈၄ ခုနှစ်မှာ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုတဲ့ ဂီရယ်လ်ဒင်း ဖီရာရိုတို့ပဲ ဖြစ်ပါတယ်။ သို့သော်လည်း နှစ်ဦးလုံးဟာ အနိုင်မရရှိခဲ့ပါဘူး။

**“လက်ရှိမှာ ဒုတိယသမ္မတနေရာအတွက် တွဲဖက်အဖြစ် ရွေးချယ်ခံရတဲ့ ကမ်မလာဟားရစ်လိုပဲ အမေရိကန်သမိုင်းကြောင်းမှာ ယခင်ကလည်း ဒုတိယသမ္မတနေရာအတွက် ဝင်အရွေးခံဖို့ အမျိုးသမီး ကိုယ်စားလှယ်လောင်းနှစ်ဦးကို အဆိုပြုခဲ့ဖူးပါတယ်။ အဲဒီအမျိုးသမီးနှစ်ဦးကတော့ ၂၀၀၈ ခုနှစ်မှာ ရီပတ်ဘလစ်ကန်ပါတီကို ကိုယ်စားပြုတဲ့ ဆာရာပါလင်နဲ့ ၁၉၈၄ ခုနှစ်မှာ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုတဲ့ ဂီရယ်လ်ဒင်း ဖီရာရိုတို့ပဲ ဖြစ်ပါတယ်။ သို့သော်လည်း နှစ်ဦးလုံးဟာ အနိုင်မရရှိခဲ့ပါဘူး”**

## မစ္စတာဘိုင်ဒင်စိတ်တိုင်းကျ

ဘယ်လိုပဲဖြစ်ဖြစ် မစ္စတာဘိုင်ဒင်ကတော့ ၎င်းရွေးချယ်ထားတဲ့ တွဲဖက်ကို အတော်လေး စိတ်တိုင်းကျတဲ့ပုံပါပဲ။ မစ္စတာဘိုင်ဒင်ရဲ့ ပြောကြားချက်အရ ကမ်မလာဟားရစ်ဟာ ကယ်လီဖိုးနီးယားပြည်နယ်မှာ ရှေ့နေချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ချိန်က ၎င်းရဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ သားဖြစ်သူ Beau နဲ့လည်း နီးကပ်စွာ အလုပ်အတူလုပ်ခဲ့သူဖြစ်တယ်လို့ သိရပါတယ်။

၎င်းတို့အတူ အလုပ်လုပ်ခဲ့တဲ့အတောအတွင်း အလုပ်သမားပြည်သူတွေရဲ့ဘဝကို မြှင့်တင်ဖို့ကြိုးပမ်းခဲ့တာတွေ၊ အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေကို ညှဉ်းပန်းနှိပ်စက် အကြမ်းဖက်တာတွေကနေ ကာကွယ်ဖို့ ကြိုးပမ်းခဲ့တာတွေကို တွေ့မြင်ခဲ့ရတယ်လို့ ၎င်းက တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

## ကမ်မလာဟားရစ်အကြောင်း

အသက် ၅၅နှစ်ရှိပြီဖြစ်တဲ့ ကမ်မလာဟားရစ်ကို ကယ်လီဖိုးနီးယားပြည်နယ် အော့ကလန်မှာ ပြည်ပကနေ ရွှေ့ပြောင်းအခြေချလာသူ မိဘနှစ်ပါးကနေ မွေးဖွားခဲ့တာဖြစ်ပါတယ်။ မိခင်ဖြစ်သူဟာ အိန္ဒိယနွယ်ဖွားဖြစ်ပြီး ဖခင်ကတော့ ဂျမေကာနွယ်ဖွား ဖြစ်ပါတယ်။ ကမ်မလာဟာ အမေရိကန်မှာ လူမည်းတွေတက်ရောက်တဲ့ ကောလိပ်နဲ့ တက္ကသိုလ်တွေထဲက တစ်ခုဖြစ်တဲ့ ဟောင်းဝါဒ်တက္ကသိုလ်ကို တက်ရောက်ခဲ့ပါတယ်။

ကမ်မလာဟားရစ်အနေနဲ့ ၎င်းရဲ့နိုင်ငံသားဖြစ်မှုနဲ့ပတ်သက်ပြီး ဘယ်တုန်းကမှ စိတ်မသက်မသာ ခံစားရခြင်း မရှိခဲ့ဘူးလို့ ပြောကြားခဲ့ပြီး မိမိကိုယ်ကိုယ် အမေရိကန်နိုင်ငံသားတစ်ဦးအနေနဲ့ပဲ ရိုးရှင်းစွာခံယူထားသူဖြစ်တယ်လို့ သိရပါတယ်။ ။ **ကိုးကား- စီအင်န်အင်န်**

# နိုင်ငံတကာသတင်းတိုထွာ

## ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်အမှားများကြောင့် သေဆုံးသူ ရာနှင့်ချီရှိ

ဝါရှင်တန် ဩဂုတ် ၁၃

ယခုနှစ်၏ ပထမသုံးလပတ်အတွင်း ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်အမှားများကြောင့် လူ ၈၀၀ ထက်မနည်းသေဆုံးခဲ့ကြောင်း သုတေသီများက ပြောသည်။

လူမှုကွန်ရက်ပေါ်တွင် ပေါ်ထွက်လာသည့် သတင်းအမှားများကြောင့် ဆေးရုံသို့ ရောက်ရှိလာသူ ၅၈၀၀ ခန့်အထိရှိကြောင်း အမေရိကန်ဆေးသိပ္ပံဂျာနယ်တစ်စောင်က ဖော်ပြသည်။ ကိုဗစ်-၁၉ ပျောက်ကင်းနိုင်သည်ဆိုသော ကောလာဟလတစ်ခုဖြစ်သည့် မီသနော သို့မဟုတ် အယ်လ်ကိုဟော သောက်သုံးမှုကြောင့် လူအများအပြားသေဆုံးခဲ့ရကြောင်း အဆိုပါဂျာနယ်တွင် ဖော်ပြထားသည်။

မှားယွင်းသည့် ကုထုံးများ၊ကောလာဟလများနှင့် ရှေးရိုးစွဲအလေ့အထများကြောင့် မလိုအပ်ဘဲသေဆုံးရမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ထောက်ပြခဲ့သည်။

အေအက်ဖ်ပီ

## ဆိုမာလီနိုင်ငံအလယ်ပိုင်းတွင် ဆိုမာလီတပ်ဖွဲ့က စစ်သွေးကြွ ၁၆ ဦးကို သုတ်သင်

မိုဂါဒစ်ရှူး ဩဂုတ် ၁၃

ဆိုမာလီနိုင်ငံ အလယ်ပိုင်း မူဒတ်ဒေသတွင် ပြင်းထန်သည့်ပစ်ခတ်တိုက်ခိုက်မှုတစ်ခုအတွင်း ဆိုမာလီအမျိုးသားတပ်မတော်က အယ်လ်ရှာဘတ် အစွန်းရောက်စစ်သွေးကြွ ၁၆ ဦးကို သုတ်သင်နိုင်ခဲ့ပြီး စစ်သွေးကြွ ၂၀ ထက်မနည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အယ်လ်ရှာဘတ်စစ်သွေးကြွများက ဒေသကျေးရွာတစ်ရွာရှိ ရွာသူရွာသားများကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာမှ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ အပြင်းအထန်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူကပြောသည်။

နှစ်ဖက်အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများသည် နာရီအတန်ကြာအောင် ဖြစ်ပွားခဲ့သော်လည်း ဆိုမာလီတပ်ဖွဲ့က နောက်ဆုံးတွင် စစ်သွေးကြွများကို အသာစီးရခဲ့ရာ စစ်သွေးကြွ ၁၆ ဦးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၆ ရက်သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## တာမွေမြို့နယ်ရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတို့တွင် မဲစာရင်းလာရောက်ကြည့်ရှုသူ ၅၄၀၀၀ ကျော်ရှိ

ရန်ကုန် ဩဂုတ် ၁၃

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် မဲဆန္ဒရှင်စာရင်းများကို ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ဇူလိုင် ၂၅ ရက်မှ စတင်ပြီး သက်ဆိုင်ရာရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ၁၂၃ ရုံးတို့တွင် ကပ်ထား ကြေညာလျက်ရှိရာ ဩဂုတ် ၁၂ ရက်အထိ မဲစာရင်းလာရောက်ကြည့်ရှုသူ ၅၄၀၀၀ ကျော် ရှိကြောင်း မြို့နယ်အထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ပထမအကြိမ်ကပ်ထားသည့် မဲစာရင်းများတွင် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းများအား ဖြည့်စွက်လိုခြင်း၊ ပယ်ဖျက်လိုခြင်း၊ ကန့်ကွက်လိုခြင်း ပြင်ဆင်လိုခြင်းရှိသည်များကို သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ဆောင်ရွက်ရာတွင် ဩဂုတ် ၁၂ ရက်အထိ မိမိစာရင်းမပါရှိ၍ ပုံစံ (၃) ဖြင့် ဖြည့်စွက်လျှောက်ထားသူ ၆၅၀၀ ကျော်၊ မပါဝင်သင့်သူများ ပါဝင်နေခြင်းကို ကန့်ကွက်သည့် ပုံစံ (၄) ဖြင့် ဖြည့်စွက်တင်ပြလာသူ ၄၇၀ ကျော်၊ အမှားပြင်ဆင်ရန် ပုံစံ(၄-ဂ) ဖြင့် ဖြည့်စွက်တင်ပြလာသူ ၁၄၀၀၀ ကျော် ရှိကြောင်း သိရသည်။

**အာကာစိုး**

## မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများ ပိုမိုပြည့်စုံမှန်ကန်မှုရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ပြည် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီကစတင်ကာ ပထမအကြိမ်ထုတ်ပြန်ကြေညာထားရှိပြီး အဆိုပါ ကြေညာမဲစာရင်းများ ပိုမိုပြည့်စုံမှန်ကန်မှုရှိရန်နှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လိုအပ်သော တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်ဖြည့်စွက်ခြင်းများဆောင်ရွက်ရန် အချိန်ပိုမိုရရှိရေးအတွက် မဲစာရင်းများကို ယခုလ ၈ ရက်မှ ၁၄ ရက်အထိ ၇ ရက် ထပ်မံတိုးမြှင့်ကြေညာကပ်ထားလျက်ရှိကာ ပြည်သူများစိတ်ဝင်တစား လာရောက်ကြည့်ရှုကြကြောင်းသိရသည်။

မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများ ပိုမိုပြည့်စုံမှန်ကန်မှုရှိရေးအတွက် လိုအပ်သော ဖြည့်စွက်၊ ပြင်ဆင်မှု အခြေအနေများနှင့် ယင်း ပြင်ဆင်ဖြည့်စွက်ခြင်းများအတွက် လိုအပ်သည်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်သော အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြီးကြပ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး (ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

လျှောက်ထား သူ ၂၀၂ ဦး၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ပြင်ဆင်လွှာပုံစံ(၄-ဂ) လျှောက်ထားသူ ၁၇၅၃ ဦးရှိကြောင်း၊ အနောက်ပိုင်း မြို့နယ်တွင် ပုံစံ (၃) လျှောက်ထားသူ ဩဂုတ် ၁၂ ရက်အထိ ၄၈၀၂ ဦး၊ ကန့်ကွက်လွှာပုံစံ (၄) လျှောက်ထားသူ ၈၃၉ ဦး၊ ပြင်ဆင်လွှာပုံစံ (၄-ဂ) လျှောက်ထားသူ ၃၉၈၂ ဦးရှိကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ သိရသည်။

မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကပ်ထားပြီး ဒုတိယအကြိမ် မဲစာရင်းများကို အောက်တိုဘာလတွင် ထပ်မံကပ်ထားမည်ဖြစ်ရာ မဲရုံတစ်ရုံလျှင် မဲဆန္ဒရှင် ၅၀၀ မှ ၁၅၀၀ ကျော်ထိ မဲပေးနိုင်ရန် လှိုင်သာယာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှစ်ခုမှ စီမံဆောင်ရွက်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ရရှိရန် ရပ်ကွက်၊ ကျေးရွာ ရွေးကော်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မိမိအမည်စာရင်းပါရှိမှုကို လာရောက်ကြည့်ရှုကြရန်နှင့် မိမိကိုယ်တိုင် မဲပေးမှသာ မိမိစိတ်ကြိုက် အစိုးရအဖွဲ့ကို ရရှိမည်ဖြစ်၍ လူတိုင်းမွေးရာပါ တာဝန်တစ်ရပ်အနေဖြင့် မဲပေးကြရန် အရှေ့ပိုင်းနှင့်အနောက်ပိုင်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ နှစ်ဦးမှ နှိုးဆော်ထားပြီး လှိုင်သာယာမြို့နယ် အရှေ့ပိုင်းနှင့် လှိုင်သာယာအနောက်ပိုင်းမြို့နယ်တို့တွင် မဲရုံပေါင်း ၆၂၆ ရုံနှင့် မဲဆန္ဒရှင် ၅၆၈၀၂၈ ဦးရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ✤ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ် တစ်ခုအတွင်းတွင် ရှိသော ရပ်/ကျေး တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ✤ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြား မဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်း ဆောင်ရွက်ရန်၊
- ✤ အပိုဒ်ခွဲ (ဆ) အရ ဆောင်ရွက်ပြီးနောက် မိမိ၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃) ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊
- ✤ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

**သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၃-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- – အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၈၁)ခု နှင့်
- – ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၇၁) ခု၊
- – စုစုပေါင်း (၈၅၂)ခု အား စစ်ဆေးပြီးစီးခဲ့ရာတွင်–
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- – အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁၂၆၀)ခု၊
- – ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၅) ခု၊
- – ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၃၁) ခု၊
- – ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ(၂၅၄)ခု၊ နှင့်
- – ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၇၁) ခု၊
- – စုစုပေါင်း (၂,၀၂၁)ခု အား စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ (အဆိုပါ လူနာသစ် (၁) ဦး၏ သတင်းအား (၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ သတင်းတွင်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

၃။ (၁၃-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၁) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၁၃-၈-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၈၁) ခု |
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- – အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၂၆)ခု၊
- – ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၉၆) ခု၊
- – ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၇၇) ခုနှင့်
- – ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- – စုစုပေါင်း (၁၃၅၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦးတွေ့ရှိရပါသည်။

၂။ (၁၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၉) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃)ဦး (Case- 309, 346, 349) ရှိသဖြင့် စုစုပေါင်း (၃၂၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၁၂) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၂-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၃-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၈) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၁၃-၈-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၃-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၂၆) ခု |
| (၁၃-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၆) ခု |
| (၁၃-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၇) ခု |
| (၁၃-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၈) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၁၃-၈-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၈) ဦး | (၃၆၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၃၂၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၃-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 362 | ၂၄ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ဂျပန်နိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 363 | ၂၄ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ဂျပန်နိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 364 | ၂၁ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 365 | ၂၆ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 366 | ၂၁ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 367 | ၂၄ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 368 | ၃၃ နှစ် | မ | နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 369 | ၂၉ နှစ် | မ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |

# Covid အလွန်ကမ္ဘာ



"Covid အလွန်ကမ္ဘာ" ဆိုတဲ့ အသုံးအနှုန်းက အတော်ကျယ်ပြန့်လာပါတယ်။ ၂၀၁၉ ခုနှစ်ကုန်အထိ သိခဲ့ကြတဲ့ ကမ္ဘာကြီးပုံစံ ပြန်လည်မဖြစ်နိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်လား။ ထိရောက်တဲ့ ကာကွယ်ဆေးကို သုံးစွဲနိုင်တဲ့အခါမှာတောင် အရင်လို ပြန်မဖြစ်နိုင်ဘူးလား။ ဘာတွေက ပြန်မပြောင်းနိုင် ဖြစ်နေမှာလဲ။

အင်မတန်ပြင်းထန်တဲ့ အတွေ့အကြုံတွေကြောင့် လူတွေ၊ နိုင်ငံတွေ၊ ကမ္ဘာကြီးတစ်ခုလုံး၊ ပြန်လှန်လို့ မရနိုင်လောက်အောင် အကြီးအကျယ် ပြောင်းလဲခဲ့တာတွေ ရှိပါတယ်။ ကျွန်မတို့နိုင်ငံသမိုင်းကို ကြည့်ရင်ပဲ တွေ့နိုင်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် (၂၀) ရာစုနှစ်အတွင်းမှာကို ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ စစ်အေးခေတ်၊ စစ်အေးလွန်ခေတ်၊ ဆက်သွယ်ရေးနည်းပညာတော်လှန်ရေးခေတ်တို့ကို မြင်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ ၂၂–၆–၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ရှစ်ဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၉ ဦးရှိပြီ

နေပြည်တော် ဩဂုတ် ၁၃

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ရှစ်ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၉ ဦးရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူရှစ်ဦးမှာ ဂျပန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးနှင့် ယူအေအီးနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ခြောက်ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၆၉ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၂၀ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၁၂ ဦးနှင့် ဩဂုတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၈ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၀၅၃၉ | ၃၆၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၂၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၀၀၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၁၂ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၈၁ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၆၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၃–၈–၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၃-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၃၆၀၃၃၄ | ၂၈၀၃၇၄၆ | ၁၆၉၁၆၂ |
| ၂။ | ဘရာဇီး | ၃၁၇၀၄၇၄ | ၂၃၀၉၄၇၇ | ၁၀၄၂၆၃ |
| ၃။ | အိန္ဒိယ | ၂၄၂၇၀၆၆ | ၁၇၂၁၀၇၇ | ၄၇၄၇၂ |
| ၄။ | ရုရှား | ၉၀၇၇၅၈ | ၇၁၆၃၉၆ | ၁၅၃၈၄ |
| ၅။ | တောင်အာဖရိက | ၅၆၈၉၁၉ | ၄၃၂၀၂၉ | ၁၁၀၁၀ |
| ၆။ | ပီရူး | ၄၉၈၅၅၅ | ၃၄၁၉၃၈ | ၂၁၇၁၃ |
| ၇။ | မက္ကဆီကို | ၄၉၈၃၈၀ | ၃၃၆၆၃၅ | ၅၄၆၆၆ |
| ၈။ | ကိုလံဘီယာ | ၄၂၂၅၁၉ | ၂၃၉၇၈၅ | ၁၃၈၃၇ |
| ၉။ | ချီလီ | ၃၇၈၁၆၈ | ၃၅၁၄၁၉ | ၁၀၂၀၅ |
| ၁၀။ | စပိန် | ၃၇၆၈၆၄ | ဓိစစ်ဆဲ | ၂၈၅၇၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၄၇၅၂၆ | ၇၀၃၈၇ | ၂၄၂၆ |
| အင်ဒိုနီးရှား | ၁၃၂၈၁၆ | ၈၇၅၅၈ | ၅၉၆၈ |
| စင်ကာပူ | ၅၅၄၉၇ | ၅၀၅၂၀ | ၂၇ |
| မလေးရှား | ၉၁၂၉ | ၈၈၂၁ | ၁၂၅ |
| ထိုင်း | ၃၃၅၉ | ၃၁၆၉ | ၅၈ |
| ဗီယက်နမ် | ၉၀၅ | ၄၂၁ | ၂၀ |
| မြန်မာ | ၃၆၉ | ၃၂၀ | ၆ |
| ကမ္ဘောဒီးယား | ၂၇၂ | ၂၂၃ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

# ကယားပြည်နယ်ရှိ စောင့်ကြည့်လူနာများနှင့် တိုင်းရင်းသားပြည်သူများသို့ ကာကွယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ပေးအပ်

**လွိုင်ကော် ဩဂုတ် ၁၃**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကယားပြည်နယ်အတွင်းရှိ Facility Quarantine ဝင်ရောက်နေကြသည့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၊ စားနပ်ရိက္ခာထုပ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၇၄ ဒသမ ၇၈ သိန်းကို ယနေ့ညနေပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌ ထောက်ပံ့ခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်နာယကနှင့် တာဝန်ရှိသူများက ငွေကျပ်သိန်း ၃၀၀ နှင့် စားနပ်ရိက္ခာများ၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသို့ မတည်ငွေကျပ်သိန်း ၁၅၀၀၀ လှူဒါန်းထားသည့် ကမ္ဘောဇဘဏ်သည် ၂၀၁၅ ခုနှစ်တွင် မြေပြိုမှုများကြောင့် သဘာဝဘေးသင့်ခဲ့သည့် မော်ချီးဒေသခံတိုင်းရင်းသားများ နေထိုင်ရန် အနာဂတ်အလင်းတန်းကျေးရွာကို ငွေကျပ်သိန်း ၂၅၀၀ ကျော် အကုန်အကျခံကာ ပြန်လည်တည်ထောင်ပေးခဲ့ပြီး ကျေးရွာအင်္ဂါရပ်နှင့်အညီ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ရေတွင်းရေကန်၊ လျှပ်စစ်မီးနှင့် လမ်း စသည်တို့ကိုပါ တည်ဆောက်ပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကယားပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် ရေရှားပါးမှု မရှိစေရန် ငွေကျပ် ၃၁၅ သိန်း အကုန်အကျခံ၍ လွိုင်ကော်ပြည်သူ့ဆေးရုံတွင် စက်ရေတွင်း နှစ်တွင်း၊ ပညာရေး ကောလိပ်တွင် စက်ရေတွင်း တစ်တွင်း တူးဖော်ပေးခဲ့ ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ စိန်ခေါ်မှုကို ကာကွယ်တွန်းလှန်တိုက်ဖျက်နိုင်ရန်အတွက် ဧပြီလ ၂၉ ရက်တွင် ငွေကျပ် ၇၀၆ ဒသမ ၅ သိန်း တန်ဖိုးရှိ ကာကွယ်ကုသရေး၊ အထောက်အကူပြု ပစ္စည်းများ၊ စားနပ်ရိက္ခာ ဆန်အိတ်များ၊ ဆေးရုံများအတွက် Patient Monitor ၊ Oxygen Machine စသည်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း၊




ထို့အတူ ပြည်နယ်အတွင်းရှိ Facility Quarantine ဝင်ရောက်နေသည့် စောင့်ကြည့်လူနာများ၏ စားနပ်ရိက္ခာအတွက် ငွေကျပ် ၃၁၂ ဒသမ ၉၈ သိန်း ထောက်ပံ့လှူဒါန်းခဲ့သည့်အပြင် ယခုဆိုလျှင်လည်း ငွေကျပ် ၄၇၄ ဒသမ ၇၈ သိန်း တန်ဖိုးရှိ စားနပ်ရိက္ခာများကို ထပ်မံပေးအပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# ဖိလစ်ပိုင်၌ အခက်အခဲကြုံနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၁ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(ယာပုံ)**




၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁) ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားကုစားမှုအစီအစဉ်ဖြင့် စပါးမျိုးစေ့ထုတ်လယ်သမားများအား ထောက်ပံ့

**လားရှိုး ဩဂုတ် ၁၃**

လားရှိုးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကိုဗစ်-၁၉ စီးပွားကုစားမှု အစီအစဉ် CERP အရ Rs-Cs မိုးစပါးမျိုးစေ့ထုတ်လယ်သမားများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို ယနေ့နံနက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုး၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဌာန၊ ကျေးလက်ဒေသဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုး နှင့် မြို့နယ်ဦးစီးမှူးဒေါ်အေးအေးကြူတို့က ထောက်ပံ့ရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးကာ တာဝန်ရှိသူများက Rs-Cs မျိုးစေ့ထုတ် ဧက ၁၃၀ အတွက် တောင်သူ ၄၈ ဦးအား စုစုပေါင်းငွေကျပ် ၁၉၃၀၅၀၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# Air KBZ လေကြောင်းလိုင်းက ပြည်တွင်းခရီးသွားများ အဆင်ပြေစေရန် အထူးအစီအစဉ်ပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၃**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်တွင်းခရီးသွားများ အဆင်ပြေစေရန်နှင့် ခရီးသွားလာမှု အခက်အခဲမရှိဘဲ အဆင်ပြေလွယ်ကူစေရန် Air KBZ လေကြောင်းလိုင်းက အထူးအစီအစဉ် ထပ်မံပြုလုပ်ပေးထားကြောင်း သိရသည်။ Air KBZ လေကြောင်းလိုင်းသည် ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် ပြည်တွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များဖြင့် အထူးအစီအစဉ်များ ဆက်တိုက်ပြုလုပ်ပေးနေခြင်းဖြစ်သည်။

Air KBZ လေကြောင်းလိုင်းသည် ခရီးသည်များအတွက် လက်ရှိပျံသန်းပြေးဆွဲလျက်ရှိသည့် ရန်ကုန်၊ မန္တလေး၊ ဟဲဟိုး၊ တာချီလိတ်၊ သံတွဲ၊ ကော့သောင်း၊ ညောင်ဦး၊ လားရှိုး၊ နေပြည်တော်၊ ခန္တီးနှင့် ကလေးမြို့ အစရှိသည့် ခရီးစဉ် ၁၁ ခုသို့ အသွားခရီးစဉ် တစ်ကြောင်းဝယ်ယူပါက ခရီးစဉ်တူ အပြန်လက်မှတ်အား လေဆိပ်အခွန်ခမှအပ ကျန်အဖိုးအခများပေးဆောင်ရန်မလိုသည့် (ခရီးစဉ်တစ်ကြောင်းစာနှုန်းထားဖြင့် အသွား/အပြန် လက်မှတ်ရရှိနိုင်မည့်) “တစ်ဝက်ပေး အသွား/အပြန်ခရီး” အထူးအစီအစဉ် ပြုလုပ်ခြင်းဖြစ်ပြီး သွားရောက်လိုသည့် ခရီးစဉ်များကို စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ခရီးသည်များသည် ခရီးသွားမည့်ရက်အပြောင်းအလဲပြုလုပ်ခြင်းနှင့် ခရီးစဉ်အချိန်ပြောင်းလဲခြင်း (တစ်ကြိမ်) တို့ကို ခရီးသွားမည့်ရက်မတိုင်မီ သုံးရက် ကြိုတင်၍ အကြောင်းကြားခြင်းဖြင့် အခမဲ့ပြုလုပ်နိုင်မည်ဖြစ်သည်။

“တစ်ဝက်ပေး အသွား/အပြန်ခရီး” အထူးလက်မှတ်များကို ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ဝယ်ယူရရှိနိုင်ပြီဖြစ်ပြီး ခရီးသွားလာနိုင်မည့်ကာလမှာ ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဖြစ်ကာ အထူးလက်မှတ် ဈေးနှုန်းများဖြစ်သောကြောင့် ထိုင်ခုံနေရာ အကန့်အသတ်များနှင့်အတူ Terms and Conditions သတ်မှတ်ချက်များရှိသည်။




ခရီးသည်များအနေဖြင့် အဆိုပါလက်မှတ်များကို Air KBZ ၏ Website - www.airkbz.com ၊ Mobile App ၊ K7Chatbot ၊ နယ်ရုံးခွဲများနှင့် လက်မှတ် အရောင်းကောင်တာများတွင် တိုက်ရိုက်ဝယ်ယူရရှိနိုင်မည်ဖြစ်သလို Air KBZ ၏ လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ Air KBZ လေကြောင်းလိုင်းသည် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၁၇ မြို့သို့ ATR72-600 လေယာဉ် ရှစ်စင်းဖြင့် ပျံသန်းပြေးဆွဲလျက်ရှိပြီး လက်ရှိခရီးစဉ် အချိန်ဇယားများအရ တစ်ပတ်လျှင် လေကြောင်းခရီးစဉ်ပေါင်း ၂၁၀ ခန့်ပြေးဆွဲလျက်ရှိသည်။ Air KBZ လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် ပြည်တွင်းခရီးသွားများ အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင်လည်း ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ဖိုးသော်ဇင်**



# မြဝတီမြို့ အမှတ် (၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၈ ဦး ဝင်ရောက်

**မြဝတီ ဩဂုတ် ၁၃**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၄၂၈ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၁၃ ရက်အထိ ၈၄၄၃ ဦး စုစုပေါင်း ၆၄၀၅၈ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၈၂ ဦး၊ အမျိုးသမီး ၁၄၆ ဦး စုစုပေါင်း ၄၂၈ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဩဂုတ် ၅ ရက်မှ ၁၀ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | အင်တာနက်ပေါ်မှာ မဲဆွယ်စည်းရုံးခြင်း | ကလျာအိအိလွင် | လောကသရဖူ | ၂၅၀၀ |
| ၂ | လူကိုအဆိပ်အတောက်မဖြစ်စေသော ကင်ဆာကုထုံးများ | ကပ္ပတိန်နေဦး | လောကသရဖူ | ၃၅၀၀ |
| ၃ | စာဖတ်ကျွမ်းခြင်းဖြင့် ဘဝတိုးတက်ရေး | ဇင်သန့် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၄ | ခရမ်းပြာလက်တစ်စုံနဲ့ ရင်ခုန်ခွင့်ရသောနေ့ရက်များ | နေသွင် | အောင်မြင်စာပေ | ၃၀၀၀ |
| ၅ | လက်သန်းတွေနဲ့မရရင် လက်ရှန်းတွေဆန့်တန်း | သက်တင်( မန္တလေး ) | ယဉ်မျိုးစာပေ | ၂၀၀၀ |
| ၆ | ရှားလော့ဟုမ်း၏ ပျောက်ဆုံးနေသော စွန့်စားခန်းများ | ဒေါက်တာဇော်သန်း ( မြန်မာပြန် ) | တိုးမြစ်စာပေ | ၃၀၀၀ |
| ၇ | နေအသချေ လအနန္တ | ဝင့်ပြုံးမြင့် | လောကသစ် | ၆၀၀၀ |
| ၈ | ဘယ်…ဘယ်ကို… ဘယ်ကိုရယ်ခွဲ… ရင်ကိုခွဲလို့… | ဝင့်ပြုံးမြင့် | မဟာစာပေ | ၃၀၀၀ |
| ၉ | သွေးသည်အသက် | ထင်ဇော်မှူးသင် | မဟာစာပေ | ၆၅၀၀ |
| ၁၀ | ငေးရင်း ဝေးကျန်ရစ်တဲ့ကမ္ဘာ | ခတ္တာခင် | မဟာစာပေ | ၂၅၀၀ |
| ၁၁ | ငြိမ်းရိပ်သာ | စစ်ကိုင်းဦးဘိုးသင်း | စိတ်ကူးချိုချို | ၃၇၀၀ |
| ၁၂ | ငြိမ်းချမ်းစိတ်နှင့် တိုးတက်ကြွယ်ဝပါ | အောင်ဝင်း( စိတ်ပညာ ) | စိတ်ကူးချိုချို | ၂၅၀၀ |
| ၁၃ | ဩဂဲနစ် အလင်းများ | ခရမ်းပြာထက်လူ | စိတ်ကူးချိုချို | ၂၅၀၀ |
| ၁၄ | ဒီနေ့ပန်းတွေပွင့်တယ် | အောင်ကောင်းမြစ် | စိတ်ကူးချိုချို | ၂၅၀၀ |
| ၁၅ | တနင်္ဂနွေ ညနေခင်း (ဝတ္ထုတို)များ | မြရီ | အင်းလျားစာပေ | ၂၀၀၀ |
| ၁၆ | ဒစ်ဂျစ်တယ်ပိုက်ဆံ၊ စိမ်းလန်းနည်းပညာနှင့် ပါဝါအသစ် | ကျော့ကေခိုင် | နှစ်ကာလများ | ၅၀၀၀ |
| ၁၇ | သီအိုရီတို့၏ သီအိုရီ | စိုးသန်းမောင် | မျိုးဆက်သစ် | ၄၅၀၀ |
| ၁၈ | နိုင်ငံတစ်ခုကိုသုတ်သင်ခြင်း (ယူဂိုဆလားဗီးယားအပေါ်တိုက်ခိုက်မှု) | မင်းအောင်မင်း | ယဉ်မျိုးစာပေ | ၃၀၀၀ |
| ၁၉ | အောက်ခေါင်းကြီး | စိုးဘားဒိုင် | အိပ်မက်အသစ် | ၅၀၀၀ |
| ၂၀ | ၂၀၂၀ ကဗျာများ | ကလောင်စုံ | ဆိပ်ကမ်းသာ | ၁၅၀၀ |
| ၂၁ | အောင်နိုင်ဦး၏ကာ ရင်းနီးမြှုပ်နှံမှုအကြောင်း သိဖို့ လိုအပ်သမျှ | Channel-K | အိပ်မက်အသစ် | ၂၀၀၀ |
| ၂၂ | စာတမ်းနှင့် ဆောင်းပါး ၂၁စောင် | ဒေါက်တာသန်းထွန်း | စိတ်ကူးချိုချို | ၉၀၀၀ |
| ၂၃ | ဆွတ်ပျံ့ဖွယ်ရာ စာပေအနုပညာနယ်မှာ | ဆောင်းဝင်းလတ် | စိတ်ကူးချိုချို | ၆၀၀၀ |
| ၂၄ | ကျော်ဟိန်းဟုခေါ်သည် | ကလောင်စုံ | မန္တလာမြေစာပေ | ၂၅၀၀ |
| ၂၅ | ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန် | သန်းဝင်းလှိုင် | လမ်းပြကြယ် | ၂၀၀၀ |
| ၂၆ | ရွှေဝယ်သူတွေ မသိသေးတဲ့ ရွှေလောကမသမာမှုများ | ကြည်ထွန်းမော် | စိတ်ကူးချိုချို | ၂၀၀၀ |
| ၂၇ | လိုက်နာကျင့်သုံးအပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာအယူအဆများ | မိုးမင်းသိမ်း | တိုးမြစ်စာပေ | ၂၀၀၀ |
| ၂၈ | အိပ်မက် တစ်ဖက်ကမ်း ဝတ္ထုတိုများ | လက်ာရည်ကျော် | နန်းဒေဝီ | ၂၅၀၀ |

(ဆက်လက်ဖော်ပြပါမည်)




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ဝ၆၇-၃၄ဝ၄၆၆၆ နှင့် ဝ၆၇-၃၄ဝ၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၈ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၀၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၆ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၆ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၈ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၀ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၉ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၈၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၀၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၃၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၅၁၇၃ | ၅၁၈၇၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၆၂၁၄ | ၂၃၃၀၂၅၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁ | ၂၂၀၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၅၃၂ | ၁၄၈၉၈၅၀ |
| EFR | ၃၀၀၀ | ၃၁၀၀ | ၆၄၀ | ၁၉၂၆၂၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၃) ရှောင်ကြဉ်ရမည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ

မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးသည် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ယနေ့ဆိုလျှင် ၈၆ ရက်သာ လိုပါတော့သည်။ နိုင်ငံရေးပါတီများက ပါတီစည်းရုံးရေး လုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်။ နောက်မကြာမီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုကြေညာပြီးနောက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ကြရပါမည်။ မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နှစ်သက်ရာပါတီ အနိုင်ရရှိရေး ရေးကြ ပြောကြ၊ ဟောပြောကြ စည်းရုံးကြပါမည်။

ဥပဒေနှင့်အညီ လွတ်လပ်စွာ ရေးသားပြောဆိုဟောပြောစည်းရုံးခွင့် ရှိကြပါသည်။ သို့ရာတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အလေးထားကြရပါမည်။ အထူးသဖြင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း ၁၃ တွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များအကြောင်းကို ပြဋ္ဌာန်းထားသည်။ ယင်းတို့ကို နားလည်သိရှိစေရန် လိုအပ်သည်။ အနှစ်ချုပ်၍ မျှဝေပါရစေ။

## ရွေးကောက်ပွဲပြစ်မှုကျူးလွန်ရာရောက်ခြင်း

အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို မပြုမိဖို့ ရှောင်ကြဉ်ကြရန်လိုအပ်ပါသည် -

- ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့် မကျင့်သုံးနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း မပြုရပါ။
- ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို မတရားသဖြင့် ရရှိစေရေးအတွက်ဖြစ်စေ၊ ယင်းအခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့် အနေနှင့်ဖြစ်စေ ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင်နေရာ ပြောင်းရွှေ့မှု သို့မဟုတ် အခြားအခွင့်အရေး တစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း မပြုရပါ။
- ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို သို့မဟုတ် မဲဆန္ဒရှင်တစ်ဦးဦးကို ခြိမ်းခြောက်ခြင်း မပြုရပါ။
- လူမျိုးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲ မပေးရန် ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း၊ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန် သို့မဟုတ် ရွေးကောက်ပွဲ ပျက်ပြားစေရန် စည်းရုံးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း၊ အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း မပြုရပါ။
- ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း မပြုရပါ။
- ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ထုတ်ပြန်ထားသော စာရင်း၊ အကြောင်းကြားစာ၊ ရွေးကောက်ပွဲဆိုင်ရာစာရွက်စာတမ်း၊ မဲစာရင်း၊ ဆန္ဒမဲလက်မှတ်၊ ကြိုတင်ဆန္ဒမဲလက်မှတ်၊ စာအိတ် သို့မဟုတ် အထုပ်တို့ကို တမင်ဖျက်ဆီးခြင်း၊ ရေးသွင်းထားသည်တို့က ဖတ်ရှုမရအောင် ပြုလုပ်ခြင်း မပြုရပါ။
- မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း၊ ယင်းတို့ကိုပေးပို့ရာတွင် အသုံးပြုသောစာအိတ် သို့မဟုတ် အထုပ်ကိုသော်လည်းကောင်း တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်း မပြုရပါ။
- ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား ပေးခြင်း မပြုရပါ။
- ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးအား ဆန္ဒမဲပေးခြင်း မပြုနိုင်စေရန် နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်ယှက်ရန် အားပေးကူညီခြင်း မပြုရပါ။
- ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက် ၅၀၀ အတွင်း၌ဖြစ်စေ မဲဆွယ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် မပေးရန်တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း မပြုရပါ။
- မဲရုံအတွင်း၌ဖြစ်စေ၊ ကိုက်၅၀၀အတွင်း၌ဖြစ်စေ အသံချဲ့စက် အစရှိသည့်အသံကို ကျယ်စေသည့် ကိရိယာတန်ဆာပလာများ သုံးစွဲခြင်းနှင့် အော်ဟစ်ခြင်း၊ စည်းကမ်းမဲ့သည့်အပြုအမူများ ပြုလုပ်ခြင်း မပြုရပါ။
- မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌မဖွယ်မရာသောအမှုကို ပြုခြင်း၊ မဲရုံမှူးက တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံခြင်း မပြုရပါ။

**ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်။ တိုင်ကြားလိုသူသည် သက်ဆိုင်ရာရဲစခန်းသို့ သွားရောက်၍ တိုင်ကြားနိုင်မည်။ မဲဆန္ဒရှင် တစ်ဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်က ဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးက ဖြစ်စေ၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တိုင်တန်းနိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲမကျင်းပမီ ဖြစ်စေ၊ ရွေးကောက်ပွဲကျင်းပနေစဉ်ဖြစ်စေ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့မှစ၍ (၁၅) ရက်အတွင်းဖြစ်စေ ဥပဒေနှင့်အညီ တိုင်တန်းနိုင်ခွင့်ရှိသည်။**

- ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း မပြုရပါ။
- ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတို့အားပေးခြင်း၊ ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို သို့မဟုတ် မဲလက်မှတ်အတုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း မပြုရပါ။ အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း မပြုရပါ။
- လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ဆန္ဒမဲပေးခြင်း၊ သူတစ်ပါးအယောင်ဆောင် ဆန္ဒမဲပေးခြင်း မပြုရပါ။ ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းဝင်ခွင့်မရှိဘဲ ဝင်ခြင်း၊ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်ကို တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးဦးအား ဆန္ဒမဲပေးခြင်း မပြုနိုင်စေရန် နှောင့်ယှက်ခြင်း မပြုရပါ။

## ကျူးလွန်ခြင်း၏ အကျိုးသက်ရောက်မှု

အထက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ရွေးကောက်ပွဲပြစ်မှုကို ကျူးလွန်ရာရောက်မည်။ ဖောက်ဖျက်ကျူးလွန်သူ မည်သူကိုမဆို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

## ရဲစခန်းတွင် တိုက်ရိုက်တိုင်တန်းခွင့်ရှိခြင်း

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်။ တိုင်ကြားလိုသူသည် သက်ဆိုင်ရာရဲစခန်းသို့ သွားရောက်၍ တိုင်ကြားနိုင်မည်။ မဲဆန္ဒရှင် တစ်ဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်က ဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် တစ်ဦးဦးက ဖြစ်စေ၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တိုင်တန်းနိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲမကျင်းပမီ ဖြစ်စေ၊ ရွေးကောက်ပွဲကျင်းပနေစဉ်ဖြစ်စေ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့မှစ၍ (၁၅) ရက်အတွင်းဖြစ်စေ ဥပဒေနှင့်အညီ တိုင်တန်းနိုင်ခွင့်ရှိသည်။

## လိမ်လည်၍တိုင်တန်းခြင်း

ရွေးကောက်ပွဲဆိုင်ရာပြစ်မှု တစ်ရပ်ရပ်ကို လိမ်လည်စွပ်စွဲပြီး တိုင်ကြားခဲ့လျှင် ထိုတိုင်ကြားသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုကို ကျူးလွန်ခြင်းသည် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အနှောင့်အယှက်၊ အဖျက်အမှောင့်များ၊ ရွေးကောက်ပွဲ၏ အန္တရာယ်များဖြစ်သည်။ ဖော်ပြပါ တားမြစ်ချက်များကို ပြုကျင့်ပါက ကျူးလွန်သူ ကာယကံရှင် ပြစ်ဒဏ်ချမှတ်ခံရနိုင်ခြင်း၊ သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်း ထိခိုက်နစ်နာနိုင်ခြင်းတို့သာမက မဲဆန္ဒရှင်ပြည်သူများ အေးချမ်းသာယာစွာ ဆန္ဒမဲပေးနိုင်ရေးကိုလည်း ထိပါးရာရောက်သည်။

သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများအားလုံးက အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများကို သိရှိထားခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်စေရန် သတိပြုဆောင်ရွက်နိုင်ကြမည်။ ယင်းသို့သော အနှောင့်အယှက်၊ အဖျက်အမှောင့်များ မဖြစ်ပေါ်ရအောင် သတိပြုဆင်ခြင်ဟန့်တားနိုင်မည်။ ကြိုတင်စောင့်ကြည့် တားဆီးကာကွယ်နိုင်မည်။ ပေါ်ပေါက်လာပါကလည်း ဥပဒေနှင့်အညီ တိုင်ကြားအရေးယူဆောင်ရွက်နိုင်မည်။

အမှန်စင်စစ်မူ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများသည် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့်သာ သက်ဆိုင်သည်မဟုတ်။ ရွေးကောက်ပွဲကို စီစဉ်ကျင်းပသည့် ရွေးကောက်ပွဲတာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များအားလုံးတို့နှင့်လည်း သက်ဆိုင်သည်။ ဤသည်တို့ကို သိရှိနားလည်ကြရန် လိုအပ်သည်။ ရှောင်သင့်သည်တို့ကို ရှောင်၍ ဆောင်သင့်သည်တို့ကို ဆောင်ကြရမည်။

ရွေးကောက်ပွဲတစ်ခုတွင် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ ကျူးလွန်ခြင်းမှကင်းစင်ခဲ့လျှင်၊ မဲဆန္ဒရှင်များအားလုံး အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ကြလျှင် အောင်မြင်သော ရွေးကောက်ပွဲ၊ လွတ်လပ်သော ရွေးကောက်ပွဲ၊ တရားမျှတသော ရွေးကောက်ပွဲဟု သတ်မှတ်ပြောဆိုကြရမည်သာ။

ရွေးကောက်ပွဲနှင့် သက်ဆိုင်သူအားလုံး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ကြပါစေ၊

❖ မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ဆန္ဒမဲပေးနိုင်ကြပါစေ၊

❖ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ကြပါစေ။

---

# ကျောင်းကုန်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ကွင်းဆင်းဆောင်ရွက်

ကျောင်းကုန်း ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရာ၌ အသက်(၁၈)နှစ် ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေး ကတ်မရှိသူများအား ယနေ့နံနက်ပိုင်းက လှည်းဆိပ်စံပြကျေးရွာ ပညာအလင်းအိမ် စာကြည့်တိုက်တွင် ကျောင်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်လွင်နှင့် ဝန်ထမ်းများက နိုင်ငံသားကတ်ပျောက်ဆုံးသူများနှင့် အသက်(၁၈) နှစ် ပြည့်ပြီးသူများထဲမှ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား သတ်မှတ်ချက်များနှင့် ပြည့်စုံပါက ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းကာ ပြုလုပ်ပေးခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးသူ ၁၁၀ နှင့် အသက်(၁၈) နှစ်ပြည့်ပြီး အသစ်ပြုလုပ်သူ ၈၂ ဦးတို့ကို လူစုလူဝေး မဖြစ်ပေါ်စေရန်အတွက် Social Distancing ဖြင့် စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင် (ပြန်/ဆက်)

# ဘေးအန္တရာယ်ကျရောက်မှုနှင့် အရေးပေါ်အခြေအနေများအတွက် ပြည်သူ့ကျန်းမာရေး

## တက္ကသိုလ်ဇော်ထူးဦး

**အရေးပေါ်အခြေအနေများနှင့် ကြီးမားကျယ်ပြန့်သော သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာရ၏။ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ ထိခိုက်ပျက်စီးကြရ၏။ မှတ်တမ်းများအရ လွန်ခဲ့သည့်ဆယ်စုနှစ်က ကြီးမားသော သဘာဝဘေးကျရောက်မှု ၄၀၀၀ ကျော်ဖြစ်ပွားခဲ့ရာ လူဦးရေ ၁ ဒသမ ၁ သန်းကျော် အသက်ဆုံးရှုံးခဲ့ရ၏။ လူဦးရေသန်းပေါင်း ၂၂၀ ကျော်မှာလည်း နှစ်စဉ် ဘေးဒုက္ခနှင့် ကြုံတွေ့နေရ၏။ လူဦးရေ ၁ ဒသမ ၅ ဘီလီယံတို့သည် စစ်မက်ဖြစ်ပွားမှုများ၊ ကြီးမားကျယ်ပြန့်သော အကြမ်းဖက်မှုများကြောင့် ထိလွယ် ရှလွယ်သည့် နိုင်ငံများအတွင်း နေထိုင်လျက်ရှိကြသည်။**

> **“အရေးပေါ် ဘေးဒုက္ခကျရောက်မှုများတွင် ဘေးအန္တရာယ်ကျရောက်နိုင်ဆုံးနှင့် ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသောအုပ်စုတွင် အမျိုးသမီးနှင့် ကလေးငယ်များ ပါဝင်နေ၏။ လက်ရှိစစ်မက်ဆိုင်ရာ ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံ ၁၀ ခုအနက် ရှစ်နိုင်ငံတွင် မွေးဖွားမှုကြောင့် မိခင်သေဆုံးမှုနှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်းမှာ မြင့်မားလျက်ရှိနေ၏။ ထို့အပြင် အဆိုပါအခြေအနေများတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်မှုများကိုလည်းတွေ့ရ၏။ လူများရွှေ့ပြောင်းသွားလာနေမှု၊ အစားအစာမလုံလောက်မှု၊ ကယ်ဆယ်ရေးစခန်းများ နေရာချထားမှု၊ ဆင်းရဲမွဲတေမှုအခြေအနေတို့သည်လည်း ရောဂါကူးစက်မှုအတွက် အန္တရာယ်များပင် ဖြစ်နေသည်”**

လွန်ခဲ့သည့် ဆယ်စုနှစ်စာရင်းများအရ ခန့်မှန်းခြေ လူဦးရေ ၅၁ သန်းကျော်မှာ ပုံစံအမျိုးမျိုးသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်ခဲ့၏။ ယင်းသည် ဘေးဒုက္ခအလုံးစုံ မဟုတ်ဘဲ အခြားအရေးပေါ်အခြေအနေများဖြစ်သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်သော ရောဂါကူးစက်မှု၊ ဓာတုနှင့် ရေဒီယိုသတ္တိကြွမှုဆိုင်ရာနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ထိခိုက်မှုများကြောင့် ဖြစ်ခဲ့၏။ အဆိုပါအခြေအနေများသည် နိုင်ငံတော်အဆင့်သာမက နိုင်ငံတကာဆက်နွှယ်နေသော စီးပွားရေးလုပ်ငန်းများအတွက် ဒေါ်လာဘီလီယံပေါင်းများစွာ နစ်နာခဲ့ရပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးအမြတ်များကိုလည်း လျော့ကျစေခဲ့သည်။

အရေးပေါ် ဘေးဒုက္ခကျရောက်မှုများတွင် ဘေးအန္တရာယ်ကျရောက်နိုင်ဆုံးနှင့် ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသောအုပ်စုတွင် အမျိုးသမီးနှင့် ကလေးငယ်များ ပါဝင်နေ၏။ လက်ရှိစစ်မက်ဆိုင်ရာ ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံ ၁၀ ခုအနက် ရှစ်နိုင်ငံတွင် မွေးဖွားမှုကြောင့် မိခင်သေဆုံးမှုနှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်းမှာ မြင့်မားလျက်ရှိနေ၏။ ထို့အပြင် အဆိုပါအခြေအနေများတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်မှုများကိုလည်း တွေ့ရ၏။ လူများရွှေ့ပြောင်းသွားလာနေမှု၊ အစားအစာမလုံလောက်မှု၊ ကယ်ဆယ်ရေးစခန်းများ နေရာချထားမှု၊ ဆင်းရဲမွဲတေမှုအခြေအနေတို့သည်လည်း ရောဂါကူးစက်မှုအတွက် အန္တရာယ်များပင် ဖြစ်နေသည်။

လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးသည် လူထုအားလုံးအတွက် လိုအပ်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဖြစ်ပြီး အရေးပေါ်ဘေးဒုက္ခကျရောက်မှုများတွင်လည်း လိုအပ်၏။ အရေးပေါ်အခြေအနေတစ်ခုတွင် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုမရနိုင်ဘဲရှိနိုင်၏။ သို့အတွက် အရေးပေါ်အခြေအနေများတွင် နာမကျန်းဖြစ်မှု၊ သေဆုံးမှုလျော့ကျစေရန် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားမှု ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်သည်။

### မျိုးဆက်ပွား ကျန်းမာရေး

မျိုးဆက်ပွားကျန်းမာရေးဆိုသည်မှာ ရောဂါဘယဖြစ်ခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းတို့မှ ကင်းရှင်းရုံမျှဖြင့် ကျန်းမာသည်ဟုမဆိုနိုင်ဘဲ ကိုယ်ခန္ဓာ၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းနှင့် လူမှုဆက်ဆံရေး ပြေပြစ်ခြင်းရှိသည့်အပြင် မျိုးပွားမှုဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများလည်း ဖွံ့ဖြိုးစွမ်းဆောင်နိုင်ခြင်းကိုဆိုလို၏။ ထို့အပြင် မျိုးပွားကျန်းမာရေးနှင့်ဆိုင်သော ရောဂါများ၊ အခြားရောဂါများနှင့် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊ လူမှုရေးကိစ္စများ အလုံးစုံ အဆင်ပြေပြည့်စုံသည့် အခြေအနေကို ဆိုလိုသည်။

အရွယ်ရောက်သူတိုင်းသည် အန္တရာယ်ကင်း၍ ကျေနပ်ဖွယ်ရှိသော အိမ်ထောင်သုခရရှိပြီး အန္တရာယ်ကင်း၊ ထိရောက်မှုရှိသော၊ မိမိတို့တတ်နိုင်၍ လက်ခံနိုင်သော၊ ဥပဒေနှင့်လည်းညီသော သားဆက်ခြားနည်းလမ်းများကို မိမိတို့ကိုယ်တိုင် ရွေးချယ်နိုင်သောအခွင့်အရေးရှိခြင်း၊ သင့်လျော်သည့်ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် အခွင့်အရေးရှိခြင်းအားဖြင့် အမျိုးသမီးတစ်ဦးသည် လုံခြုံ၍ စိတ်ချရသော ကိုယ်ဝန်ဆောင်မိခင်ဘဝရရှိခြင်း၊ မီးဖွားနိုင်ခြင်း၊ ကျန်းမာသန်စွမ်းသော ရင်သွေးငယ် မွေးဖွားနိုင်သည့် အခွင့်အရေးရှိခြင်းပင်ဖြစ်သည်။

### အရေးပေါ်အခြေအနေ

အရေးပေါ်အခြေအနေတွင် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန် လိုအပ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအခြေအနေများတွင် ကိုယ်ဝန်ဆောင်မှု၊ ကလေးမွေးဖွားမှုများမှာ ဆက်လက်ဖြစ်ပွားနေ၏။ လူများရွှေ့ပြောင်းနေစဉ် ကျန်းမာရေးစောင့်ရှောက်မှု မရရှိနိုင်သည့် အခြေအနေ၌ ကလေးမီးဖွားမှုများ ရှိနေကြ၏။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ ၁၅ ရာခိုင်နှုန်းခန့်သည် အရေးပေါ်အခြေအနေများတွင် အရေးပေါ်သားဖွားစောင့်ရှောက်မှုပေးရန် လိုအပ်လာနိုင်၏။ ပြည့်စုံသော အရေးပေါ်သားဖွားစောင့်ရှောက်မှုပေးနိုင်သည့် ဆေးရုံသို့ အချိန်မီလွှဲပို့နိုင်ခြင်းမရှိသဖြင့် မိခင်များ သေဆုံးမှုနှုန်း တိုးပွားလာနိုင်သည်။

အာဟာရချို့တဲ့မှုနှင့် ရောဂါဘယထူပြောမှုကြောင့် ကိုယ်ဝန်၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်မှုတိုးပွားလာနိုင်၏။ သားဆက်ခြားကျန်းမာရေး စောင့်ရှောက်မှုမရှိ၍ မလိုချင်ဘဲ ကိုယ်ဝန်ရရှိမှု များပြားလာနိုင်၏။ သားဆက်ခြားဆေးဝါးနှင့် ပစ္စည်းများလိုအပ်နိုင်၏။ လူနေထူထပ်ကျပ်ညပ်သော နေရာဒေသများတွင် အိတ်ချ်အိုင်ဗွီအပါအဝင် လိင်မှုတစ်ဆင့်ကူးစက်ရောဂါများ ပျံ့နှံ့မှုတိုးတက်လာနိုင်၏။ လူမှုအဖွဲ့အစည်း မတည်ငြိမ်မှု၊ ပျက်ယွင်းမှုများကြောင့် လိင်မှုဆိုင်ရာအကြမ်းဖက်မှုများ တိုးပွားဖြစ်ပေါ်လာနိုင်သည်။

### စောင့်ရှောက်ပေးရမည့်သူများ

အရေးပေါ်အခြေအနေတွင် စောင့်ရှောက်ပေးရမည့်သူများမှာ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ သားသည် မိခင်၊ ဆယ်ကျော်သက်မိန်းကလေး၊ ဆယ်ကျော်သက် ယောကျ်ားလေး၊ အရွယ်ရောက်ပြီး အမျိုးသားများဖြစ်၏။ ထိုသူတို့အတွက် မိခင်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကိုယ်ဝန်တားဆီးရေးလုပ်ငန်းများ၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ လိင်မှုဆိုင်ရာကူးစက်ရောဂါများ အတွက် ကာကွယ်မှုများကို ဆောင်ရွက်ပေးရန် လိုအပ်သည်။

အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ပေးရမည့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အရေးပေါ် အခြေအနေကြောင့် ထိခိုက်မှုရှိနိုင်သူများ (အထူးသဖြင့် အမျိုးသမီးများ)နှင့် မိန်းကလေး ငယ်များ၏ သေဆုံးမှုနှုန်း၊ ရောဂါဖြစ်ပွားမှုနှုန်းနှင့် မသန်စွမ်းဖြစ်ခြင်းများကို လျှော့ချရန်ဖြစ်၏။ ထိုသူများမှာ ဘေးဒုက္ခ ကျရောက်နေသူများ၊ ဒေသတွင်း ပြောင်းရွှေ့နေရာ ချထားခြင်းခံရသူများနှင့် ၎င်းတို့ကို လက်ခံထားသူ ဒေသခံများလည်း ပါဝင်သည်။

ထိုသူတို့ကို ဝန်ဆောင်မှုပေးရာတွင် အရည်အသွေးမီ ဝန်ဆောင်မှုဖြစ်ရန်၊ ကျား/မ ခွဲခြားဆက်ဆံမှု မရှိရန်၊ ပူးပေါင်းဆောင်ရွက်မှုရှိရန်၊ ဆက်သွယ်ရေးကွန်ရက်ရှိရန်နှင့် အစိုးရမူဝါဒများနှင့် ကိုက်ညီရမည်ဖြစ်၏။ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို လျစ်လျူရှုထားခဲ့ပါလျှင် ပြောင်းရွှေ့နေရာချထားခံရသူများ (အမျိုးသမီးများနှင့် မိန်းမငယ်များ)၏ အသက်အန္တရာယ်ထိခိုက်ခံရနိုင်ခြင်း၊ မိခင်များ မလိုအပ်ဘဲ သေဆုံးခြင်း၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကူးစက်ပြန့်ပွားခြင်း၊ အမျိုးသမီးများ၊ မိန်းမငယ်များ ခေါင်းပုံဖြတ်အနိုင်အထက်ပြုခံခြင်းကို ကြုံတွေ့ရမည်ဖြစ်သည်။

### အရေးပေါ် မျိုးဆက်ပွားကျန်းမာရေး

အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ပေးရမည့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှာ အရေးပေါ်အခြေအနေတစ်ခု၏ အစောပိုင်းရက်များနှင့် ရက်သတ္တပတ်များတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု၏ အကျိုးဆက်များကို ကာကွယ်ရန်နှင့် စောင့်ရှောက်ရန်၊ မွေးကင်းစကလေးနှင့် မိခင်နာမကျန်းမှုနှင့် သေဆုံးမှု မြင့်မားခြင်းကို ကာကွယ်ရန်၊ အိတ်ချ်အိုင်ဗွီကူးစက်မှုကို လျှော့ချရန်နှင့် ပြည့်စုံသော မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုအတွက် ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်များဖြစ်သည်။

လိင်မှုဆိုင်ရာအကြမ်းဖက်ခံရမှုများအား ကာကွယ်ရန်နှင့် ကူညီရန်အတွက် စခန်းပုံစံရေးဆွဲခြင်း၊ ဆေးဝါးကုသမှုပေးခြင်း၊ လူထုအား အသိပေးခြင်း၊ အန္တရာယ်ရှိနိုင်သောအုပ်စုများအား အကာအကွယ်ပေးခြင်းတို့ကို ဆောင်ရွက်ထားရန်လို၏။ အိတ်ချ်အိုင်ဗွီနှင့် လိင်မှုတစ်ဆင့် ကူးစက်မှု လျှော့ချနိုင်ရန်အတွက် ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာခြင်း၊ အန္တရာယ်ကင်းသော သွေးကိုအသုံးပြုခြင်းတို့ ပါဝင်သည်။

မိခင်နှင့် မွေးကင်းစကလေးသေဆုံးမှုကို ကာကွယ်ပေးရာတွင် သားဖွားခန်းသို့ ညွှန်းပို့စနစ်ရှိခြင်း၊ သန့်ရှင်း၍ အန္တရာယ်ကင်းသော ပစ္စည်းများကို အသုံးပြုခြင်း၊ အိမ်တွင်းသန့်ရှင်းစွာ မွေးဖွားခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စီစဉ်ထားပေးရမည်။

ဘေးဒုက္ခအန္တရာယ်မှကင်းဝေးပြီးနောက် ပြည့်စုံသော မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများအတွက် အစီအစဉ်များရေးဆွဲရမည်ဖြစ်၏။ ထိုသို့ရေးဆွဲနိုင်ရန် နောက်ခံသတင်းအချက်အလက်များ စုဆောင်းခြင်း၊ သင့်လျော်သော နေရာသတ်မှတ်ခြင်း၊ ပစ္စည်းများ မှာယူခြင်း၊ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

အရေးပေါ်အခြေအနေတွင် မဖြစ်မနေဆောင်ရွက်ပေးရမည့် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးသည် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လျက်ရှိ၏။ သာမန်အခြေအနေမျိုးမဟုတ်သော အရေးပေါ်အခြေအနေများတွင် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုသည် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပင် ဖြစ်နေပေသည်။ ။

---

○ *ကျောဖုံးမှ*

ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဒုတိယအကျော့အဖြစ် ဘိုင်ယန်မြူးနစ် အိမ်ကွင်းဖြစ်သည့် Allianz Arena တွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က ဘင်နာတီယာ၊ လီဝမ်ဒေါစကီး၊ မူလာတို့၏ သွင်းဂိုးများနှင့် အတူ သုံးဂိုး-နှစ်ဂိုးဖြင့် ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သော်လည်း နှစ်ကျော့ရလဒ် ငါးဂိုး-သုံးဂိုးဖြင့် ဘာစီလိုနာအသင်း နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံခဲ့သည့် ခြောက်ကြိမ်တွင် ဘာစီလိုနာအသင်းက နှစ်ကြိမ်နိုင်ပြီး၊ ဘိုင်ယန် မြူးနစ်အသင်းက လေးကြိမ်အနိုင်ရရှိထားကြောင်း မှတ်တမ်းများအရ သိရသည်။

ဘာစီလိုနာအသင်း၏ ဒဏ်ရာရလူစာရင်းတွင် အမ်တီတီ၊ ဒမ်ဘီလီတို့သာ ရှိနေသည့်အတွက် နည်းပြ ဆက်တီယန်အနေဖြင့် စိတ်ကြိုက်ကစားသမားများကို ရွေးချယ်အသုံးပြုပြီး အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ဘိုင်ယန်မြူးနစ်အသင်းကို ယှဉ်ပြိုင်ကစားဖွယ်ရှိနေသည်။ ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း ဒဏ်ရာရှိနေသည့် ကစားသမားများကို ချန်လှပ်ကာ အင်အား အတောင့်တင်းဆုံးပုံစံကိုအသုံးပြုပြီး ဘာစီလိုနာအသင်းကို ရင်ဆိုင်လာ ဖွယ်ရှိနေသည့်အတွက် ပရိသတ်မျှော်လင့်နေသည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်မှာ မလွဲပေ။ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့အနက် အနိုင်ရရှိ သည့်အသင်းသည် မန်စီးတီးနှင့် လိုင်ယွန်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဆီမီးဖိုင်နယ်တွေ့ဆုံရမည်ဖြစ်သည့်အတွက် မည်သည့်အသင်း ဆီမီးဖိုင်နယ် တက်လှမ်းသွားမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။ **အောင်ဇော်**

---

# ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပီအက်စ်ဂျီတို့ အတ္တလန်တာကို နောက်ကျဂိုးများဖြင့် အနိုင်ယူ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး အီတလီကလပ် အတ္တလန်တာနှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ပီအက်စ်ဂျီအသင်း အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်းပွဲစစချင်း ပီအက်စ်ဂျီအသင်း ဖိအားပေးကစားခဲ့ရာ ပီအက်စ်ဂျီကစားသမား နေမာက အခွင့်အရေးတချို့ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ပွဲချိန် ၂၇မိနစ်တွင် အတ္တလန်တာတိုက်စစ်မှူး ပါဆာလစ်က ဦးဆောင်ဂိုးသွင်းယူကာ ပီအက်စ်ဂျီအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ချေပဂိုးရရှိရန် တိုက်စစ်မြင့်ကစားခဲ့သော်လည်း ဂိုးမရှိခဲ့ဘဲ ပွဲချိန် မိနစ်၆၀တွင် အမ်ဘတ်ပီ လူစားဝင်လာခဲ့ရာမှ တိုက်စစ်အတွဲအချိတ်အဆက်မိလာခဲ့သည်။ အတ္တလန်တာအသင်းသည် ရရှိထားသည့် အနိုင်ဂိုးကို ထိန်းကစားနိုင်ခဲ့ပြီး ပွဲပြီးခါနီး ၈၉မိနစ်တွင် နေမာဖန်တီးမှုမှတစ်ဆင့် မာကွင်ဟိုစ်က အနီးကပ်ပိတ်သွင်းယူကာ ပီအက်စ်ဂျီအသင်း ချေပဂိုးရရှိခဲ့သည်။ သာမန်ပွဲချိန် မိနစ်၉၀ပြည့်ပြီး နာကျင်အချိန်ပို သုံးမိနစ်တွင် အိုင်ကာဒီနေရာတွင် လူစားဝင်လာသော ချူပိုမိုတင်းက ပီအက်စ်ဂျီအတွက် အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ အတ္တလန်တာသည် ယခုနှစ်ရာသီတွင် အကောင်းဆုံးခြေစွမ်းရရှိထားကာ ပြည်တွင်း စီးရီးအေပြိုင်ပွဲတွင်လည်း အဆင့်၃တွင် ရပ်တည်ထားနိုင်ခဲ့သည်။ ချန်ပီယံလိဂ် ၁၆သင်းအဆင့်တွင်လည်း စပိန်ကလပ် ဗလင်စီယာကို နှစ်ကျော့ပေါင်းရလဒ် ရှစ်ဂိုး-လေးဂိုးဖြင့် အနိုင်ယူပြီး ကွာတားအဆင့် တက်လှမ်းနိုင်ခဲ့ရာ ယနေ့ပွဲတွင်လည်း ဂိုးကန်သွင်းခွင့် ကိုးကြိမ်အနက် လေးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ပြီး ဦးဆောင်ဂိုးသွင်းယူထားနိုင်ခဲ့ရာ ပွဲပြီးခါနီး နောက်ကျဂိုးများကြောင့် ကွာတားအဆင့်၌သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲတွင် အကောင်းဆုံးခြေစွမ်းပြ ကစားသမားဆုကို ပီအက်စ်ဂျီကစားသမား နေမာက ရရှိခဲ့သော်လည်း ယင်းဆုကို နေမာက အနိုင်ဂိုးသွင်းယူခဲ့သည့် ချူပိုမိုတင်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် ပီအက်စ်ဂျီအသင်းသည် လိုက်ပ်ဇစ်နှင့် အက်သလက်တီကို ပွဲမှ အနိုင်ရရှိသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

# စစ်တွေနှင့် အမ်းမြို့တို့၌ AA အကြမ်းဖက်သောင်းကျန်းသူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျောက်တန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူ သုံးဦးကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် စစ်တွေမြို့အဝင် ကျောက်တန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် စစ်တွေမြို့ဘက်မှ ပုဏ္ဏားကျွန်းဘက်သို့ မောင်းနှင်လာသော TVS အမျိုးအစား သုံးဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းဖြစ်သူ စစ်တွေမြို့နေ ကျော်ကျော်ဝင်း ၃၃ နှစ်နှင့် စစ်တွေမြို့နေ ဦးသာဇံ ၃၀ နှစ်၊ မြေပုံမြို့နယ် တမ်ရာရွာနေ ဦးမောင်ပု ၃၇ နှစ်တို့အား AA လက်မောင်းတံဆိပ်နှင့် ARAKAN ARMY စာတန်းပါ စစ်စိမ်းရောင် ယူနီဖောင်း ၁ စုံ၊ ပြောက်ကျား ဘောင်းဘီ ၁ ထည်၊ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်သွယ်မှုမှတ်တမ်းများ၊ အထောက်အထားအချက်အလက်များပါရှိသည့် ဖုန်း ၂ လုံး၊ ငွေကျပ် ၁၂ သိန်းနှင့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀ (မူးယစ်ဆေးဝါး ခန့်မှန်း တန်ဖိုးငွေကျပ် ၃၉၂ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသည့် AA အကြမ်းဖက်သောင်းကျန်းသူများအား တရားဥပဒေအရ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း ဖော်ပြထားသည်။

အလားတူ ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ အမ်း - မအီကားလမ်း၏ အမ်းမြို့အဝင်အနီး၌ ယာဉ် ဝင်/ထွက် သွားလာမှုများအား စစ်ဆေးလျက်ရှိရာ ဩဂုတ် ၉ ရက် ညနေ ၄ နာရီခန့်တွင် မအီမှ အမ်းဘက်သို့ မောင်းနှင်လာသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့စဉ် ရသေ့တောင်မြို့နယ် ကြက်ရိုးဆိပ်ကျေးရွာနေ ကျော်မင်းထွန်းအား AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်သွယ်မှုမှတ်တမ်းများ၊ အထောက်အထား အချက်အလက်များပါရှိသည့် SAMSUNG အမျိုးအစား ဖုန်းနှင့်အတူ စစ်ဆေးတွေ့ရှိခဲ့ကြောင်း။

စစ်ကြောမေးမြန်းချက်အရ ၎င်းသည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ တပ်မတော်စစ်ကြောင်းများ၊ တပ်မတော်ယာဉ်တန်းများနှင့် တပ်မတော်စစ်ရေယာဉ်များ၏ ဝင်ထွက်သွားလာ လှုပ်ရှားမှုသတင်းများ ပေးပို့ရကြောင်းနှင့် ချစ်ပုံကျေးရွာ၌ အိမ်ထောင်စုတစ်စုလျှင် လစဉ် ၂၀၀၀၊ ၃၀၀၀ ကျပ်ခန့် ကောက်ခံ၍ ပေးပို့ရသည်ဟု သိရှိရကြောင်း။

ထို့ကြောင့် AA အကြမ်းဖက်သောင်းကျန်းသူ အမာခံကျော်မင်းထွန်းအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမ်းမြို့နယ်ရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ရသေ့တောင်မြို့နယ်ရှိ တံတားတစ်စင်းအား AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲဖျက်ဆီး

**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ တံတားတစ်စင်းအား AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ရသေ့တောင်မြို့နယ် ကျောက်ခုံဘုတ်ကျေးရွာနှင့် ရေစိုးချောင်းကျေးရွာတို့အား ဆက်သွယ်ထားသည့် သံပေါင်ဘေလီ ပျဉ်ခင်းအမျိုးအစား အရှည်ပေ ၁၂၀ ခန့်ရှိ တံတားအား ဩဂုတ် ၁၂ ရက် နံနက် ၄ နာရီခန့်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲဖျက်ဆီးခဲ့ရာ တံတား၏အလယ်တွင် ပေ ၃၀ ခန့် ပျက်စီးခဲ့ပြီး ဖြတ်သန်းသွားလာ၍မရကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အများပြည်သူသွား လမ်းများ၊ တံတားများအား မိုင်းထောင်ခြင်း၊ ဖောက်ခွဲခြင်းများ မကြာခဏ ပြုလုပ်ခြင်းများကြောင့် ဒေသခံပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောင့်ကြ ထိတ်လန့်လျက်ရှိပြီး ၎င်းနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ကွမ်းခြံကုန်းမြို့နယ်တွင် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံကြားရှိ ရေပြင်သို့သယ်ဆောင်မည့် ငွေကျပ် ၇၉ ဒသမ ၉၈ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

ကွမ်းခြံကုန်းမြို့နယ်တွင် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံကြားရှိ ရေပြင်သို့ သယ်ဆောင်မည့် ငွေကျပ် ၇၉ ဒသမ ၉၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ လက်ခုပ်ကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၁ ရက် ည ၁၀ နာရီခွဲက ပြည်သူလူထုနှင့် ပူးပေါင်း၍ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာအုပ်စု ဆယ်အိမ်တန်းကျေးရွာ တံငါလှေဆိပ်အနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသော NISSAN CARAVAN အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ ရဲဝေလင်း(ခ) အငယ်လေးအား တွေ့ရှိပြီး ယာဉ်နောက်ခန်းမှ အိုက်စ် ၉၉၉ ဒသမ ၈ ကီလို၊ Speed Boat တစ်စင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ပူးပေါင်းစစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့မှ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာမှတစ်ဆင့် ရေလမ်းကြောင်းဖြင့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကြားရှိ ရေပြင်သို့ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် လင်းလင်းထိုက် (ခ) လင်းငယ်အား ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂၇) ရပ်ကွက် ရှုခင်းသာလမ်းရှိ ဟိုတယ်၌ လည်းကောင်း၊ စိုင်းထွန်းလှိုင်အား ဩဂုတ် ၃ ရက် ညနေ ၅ နာရီခွဲတွင် ကရင်ပြည်နယ် လိပ်သိုမြို့နယ် ရာဒိုစစ်ဆေးရေးဂိတ်တွင် လည်းကောင်း၊ ကျော်ဦး(ခ) တရုတ်အား ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီခွဲတွင် တောင်ကြီးမြို့ မီးပုံးပျံကွင်းအနီးတွင် လည်းကောင်း၊ မမိုးသူဇာ(ခ)မိုးမိုးသူ (ခ) မိုးမိုးနှင့် မမိုးသုကဗျာတို့အား ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဟိုပုံးမြို့၌ လည်းကောင်း၊ သိန်းရာဇာ (ခ) သိန်းကြီးနှင့် ချစ်ပိုပို (ခ) ချစ်ပိုတို့အား ဩဂုတ် ၉ ရက် နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် ဂုံညင်းနီ ကျူးကျော်ရပ်ကွက် ခတ္တာလမ်း နေအိမ်၌လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ရဲဝေလင်း (ခ) အငယ်လေး (၂၇) နှစ်၊ လင်းလင်းထိုက် (ခ) လင်းငယ် (၃၂) နှစ်၊ စိုင်းထွန်းလှိုင်(၃၄) နှစ်၊ ကျော်ဦး(ခ)တရုတ်(၄၈)နှစ်၊ မိုးသူဇာ (ခ)မိုးမိုးသူ(ခ) မိုးမိုး(၄၉) နှစ်၊ မိုးသုကဗျာ(၂၂)နှစ်၊ သိန်းရာဇာ (ခ) သိန်းကြီး (၃၀) နှစ်၊ ချစ်ပိုပို(ခ)ချစ်ပို (၂၂)နှစ်တို့အား Speed Boat တစ်စင်း၊ မော်တော်ယာဉ်ကိုးစီး၊ နေအိမ် သုံးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ယာယီချိပ်ပိတ်သိမ်းဆည်း၍ ကွင်းဆက်တရားခံများ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေတို့အရ အရေးယူနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား



ရဲဝေလင်းအား ဖမ်းဆီးရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း )များနှင့်အတူ တွေ့ရစဉ်။


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)ရပ်ကွက်၊ ရွှေသရဖီလမ်း၊ မြေကွက်အမှတ် (၂၄၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ဗွန်ကိုကိုထွန်း (ခ)ဒေါ်ဗွန်ဇင်ဇင်အေးနှင့် ဒေါ်မြမဥ္ဇူဝင်းတို့(၂)ဦးအမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက် အနက်မှ ဒေါ်ဗွန်ကိုကိုထွန်း(ခ)ဒေါ်ဗွန်ဇင်ဇင်အေး(၁၂/ဒဂမ(နိုင်)၀၂၀၁၅၂) ပိုင်ဆိုင်ခွင့်ရှိသော(၂၀ပေ× ၆၀ပေ)ကို ဒေါ်ဗွန်ကိုကိုထွန်း(ခ)ဒေါ်ဗွန်ဇင်ဇင်အေးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, — ဦးအောင်ကျော်လှိုင် LL.B,

တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)အထက်တန်းရှေ့နေ(စဉ်–၄၃၆၈၈)

Hein Htet San Law Firm ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉၄၂၁၇၄၆၉၇၄

အမှတ်(၁၅)၊ သံသုမာလမ်း၊ (၁၄)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ်။

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)ရပ်ကွက်၊ ဦးဘချိုလမ်း၊ မြေကွက်အမှတ် (၅၅၇)၊ အကျယ်အဝန်း(၄၅ပေ× ၆၀ပေ)ရှိ ဒေါ်ခိုင်နန္ဒာဝင်း (၁၂/မဘန (နိုင်) ၀၀၀၈၆၉) အမည်ပေါက် (၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခိုင်နန္ဒာဝင်း ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၁၁၅/၂၀၁၃)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးဥက္ကာထွန်း (၁၂/ကတတ(နိုင်)၀၀၁၃၉၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, — ဦးထိန်လင်းသန်း LL.B,D.B.L,D.I.L, D.M.L,

တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂)

Hein Htet San Law Firm ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

အမှတ်(၁၅)၊ သံသုမာလမ်း၊ (၁၄)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၂၊မြေကွက်အမှတ်–၂၆၃/ခ၊မြေကွက်တည်နေရာအမှတ်–၂၆၃/ခ၊မိဂသီ(၁၈)လမ်း၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပ ဦးဘခိုင်(၁၂/ရကန(နိုင်)၀၅၀၁၇၈)၊ဒေါ်အုန်းကြည်(၁၂/ဥကတ(နိုင်)၁၁၆၆၀၀)၊ ဒေါ်ဝင်းကြည်(၁၂/ဥကတ(နိုင်)၀၄၉၉၈၇)အမည်ပေါက်–နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်–ဒေါ်အုန်းကြည်(၁၂/ဥကတ(နိုင်)၁၁၆၆၀၀)သည်(၄–၆–၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊(ခင်ပွန်း)ဦးစိုးသန်းနှင့်(သား)မောင်ဇော်မင်းလွင်သည်(၁၉–၆–၁၉၉၀)ရက်နေ့တွင်နန်းဝင်းကြည်သော်နှစ်မြုပ်ရာတွင်လည်းကောင်း၊ကွယ်လွန်ခဲ့သဖြင့်ဦးဝင်းကို(၁၂/ဥကတ(နိုင်)၁၈၆၁၁)မှသားတော်စပ်ကြောင်းကျမ်းကျိန်လွှာ အမှတ်–၁/၃၁၅၃/၂၀၂၀(၂၁–၁–၂၀၂၀)၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဦးဘခိုင်၊ ဒေါ်အုန်းကြည်၊ဒေါ်ဝင်းကြည်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ကျန်အမည်ပေါက် နှစ်ဦးဖြစ်သူဦးဘခိုင်(၁၂/ရကန(နိုင်)၀၅၀၁၇၈)နှင့်ဒေါ်ဝင်းကြည်(၁၂/ဥကတ(နိုင်) ၀၄၉၉၈၇)တို့နှင့်ပူးတွဲ၍ဒေါ်အုန်းကြည်ပိုင်ဆိုင်သောအစုအတွက်အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက် နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊မြေကွက်အမှတ်(၃၇၄)၊အလျား(၆၀')၊အနံ ၄၃'/၄၆' ရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးထဲမှတရားဝင်မခွဲမစိတ်ရသေးသော(ခေါင်းရင်း) ဘက်ခြမ်းအလျား(၆၀')အနံ(၂၀')၊အမှတ်(၃၇၄)၊ထွန်းသီရိ(၆)လမ်း၊(၃၀) ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)ဟုခေါ်တွင်သောယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အဦး၊ရေမီးအပါအဝင် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသောစာရွက်စာတမ်းများအပါအဝင် ဝယ်ယူရန်စရံငွေတစ်ချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ယင်းမြေနှင့်ပတ်သက် သက်ဆိုင်သူများ ရှိပါက-ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

(၁) စရံပေးစာချုပ် (၂) နိုင်ငံသား

ဦးမင်းဇော် ၁၄/မအန(နိုင်)၀၂၁၈၄၈ အမှတ်(၁၃)၊ အင်းဝလမ်း၊ အမှတ်(၃) ရပ်ကွက်၊ မြန်အောင်မြို့။ ၀၉ ၅၃၀၂၅၄၇

**ဦးဝင်းမြင့်မောင်(ခ) စာရေးဆရာကြီး နွံမ်ဂျာသိုင်း၏ စာပေအနုပညာမူပိုင်ခွင့်နှင့်ပတ်သက်၍ ထုတ်ပြန်အသိပေး ကြေညာချက်**

ကွယ်လွန်သူ ဦးဝင်းမြင့်မောင် (ခ) စာရေးဆရာကြီး နွံမ်ဂျာသိုင်း ရေးသားထုတ်ဝေဖြန့်ချိခဲ့သည့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ သီချင်းဇာတ်လမ်း၊ ဇာတ်ညွှန်းပြဇာတ်စကားလုံးများနှင့်ပတ်သက်၍ မိသားစု၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း၊ ကူးယူခြင်း၊ ရိုက်ကူးခြင်း၊ ထုတ်လွှင့်ခြင်း၊ တင်ဆက်ခြင်းများ မပြုလုပ်ကြပါရန် အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ဖောက်ဖျက်ကျူးလွန်လုပ်ဆောင်ပါက တည်ဆဲဥပဒေအရပ်ရပ်ဖြင့် အရေးယူမည်ဖြစ်ပါကြောင်း တရားဝင်အတိအလင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းမြင့်မောင်(ခ) စာရေးဆရာကြီး နွံမ်ဂျာသိုင်း မိသားစု

**နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊(၁၉)ရပ်ကွက်၊စိန်ခြယ်လမ်း၊အမှတ်(၂၈) နေ (ဦးဇော်မင်း) –ဒေါ်ဘောဘီဝင်း တို့၏သား မောင်ဇင်ကိုထက်(၁၂/ဒဂတ (နိုင်)၀၆၅၆၉၉)နှင့်တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊မာလ(၅)လမ်း နေ ဦးကျော်စိုးနိုင် –ဒေါ်မြင့်မြင့်စိန် တို့၏သမီး မမမြတ်သဏ္ဍာကျော် (၁၂/ဥကတ(နိုင်)၁၉၀၉၁၅) တို့သည် (၉.၂.၂၀၁၉) စနေနေ့ တွင် နှစ်ဦးသဘောတူစေ့စပ်ကြောင်းလမ်းခြင်း အားနှစ်ဖက်မိဘများရှေ့မှောက်တွင်ပြုလုပ်ခဲ့ပါသည်။အဆိုပါစေ့စပ်ကြောင်းလမ်းထားရှိမှုအား (၈.၈.၂၀၂၀) စနေနေ့တွင် နှစ်ဦးသဘောတူ နှစ်ဖက်မိဘများရှေ့မှောက်တွင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

မောင်ဇင်ကိုထက်၊ မမမြတ်သဏ္ဍာကျော်

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် AA/9841 Nissan AD VYN S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းလွင် ၁၄/ဇလန(နိုင်)၀၉၁၂၄၅ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉၅ လှဲကွဲစမ်း၊ မြေကွက်အမှတ် ၃၀၊ ဧရိယာ(၁.၁၄၄)ကေ၏ အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ်–၄၅/B၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်(မဖော့အူ)အမည်ပေါက်B မြေအား အင်းစိန်မြို့နယ်တရားရုံးတရားမကြီးမှုအမှတ်၅/၂၀၂၀ဖြင့် မြေနှင့်အိမ်အရောင်း အဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃(က) လျှောက်ထားပေးစေလိုမှု၏၃–၃–၂၀၂၀ရက်စွဲပါ တရားရုံးစီရင်ချက်အမိန့် နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်–၁၅/၂၀၂၀ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ် သည့် ၂၃–၃–၂၀၂၀ ရက်စွဲပါ တရားရုံးနေ့စဉ် မှတ်တမ်းနှင့် ထုံးပုံကျ အပြီးသတ်အမိန့် အင်းစိန်မြို့နယ်၊တရားရုံးမှ ဒေါ်မိုးမိုးအေးအား ဘီလစ်ခန့်အပ်ကြောင်း ၂၆–၃–၂၀၂၀ ရက်စွဲပါစာဖြင့် ဌာနသို့အကြောင်းကြားစာ၊ မြေနှင့်အဆောက်အအုံ အပြီးအပိုင် အရောင်းအဝယ် အရပ်ကတိစာချုပ်တင်ပြပြီး ဘီလစ်ဒေါ်မိုးမိုးအေး(၁၂/အစန(နိုင်)၁၂၂၁၈၄)မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သွေးသက် အသက်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်
### အသက် (၉၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အောင်မင်းခေါင်၊ အမှတ်(၁၉)နေ (ဦးကွယ်-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးပု-ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ (ဦးထွန်းမောင်)၏ဇနီး၊ ဒေါ်လှလှ(လူမှုဝန်ထမ်းဦးစီးဌာန-ငြိမ်း)၊ ဦးညွန့်ဦး-ဒေါ်ဝင်းမာ အေး၊ ဦးမျိုးမြင့်-ဒေါ်ဝင်းဝင်းနုတို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှသွင်(အောင်လံမြို့)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဘရဏီ(၁)လမ်း၊ အမှတ်(၆၂) နေ (ဦးလှ)(ဒု-လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးစောနိုင် (ငြိမ်း)လကခ-ဒေါ်သီတာအေး(ငါးလုပ်ငန်းဦးစီးဌာန-ငြိမ်း)တို့၏မိခင်ကြီး သည် ၁၂-၈-၂၀၂၀ရက် (ဗုဒ္ဓဟူး နေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(61)သီဟတပ်ခွဲမှ သူငယ်ချင်းများ**

## ဦးအေး
## ငါးသိုင်းချောင်းမြို့
### အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့၊ ဘုရားလမ်း၊ အမှတ်(၁၀)နေ (ဦးသိန်းမောင်-ဒေါ်ညို)တို့၏သား၊ (ဦးတင် အေး)၊ (ဦးတင်မွေး)၊ (ဦးအုန်းခင်)တို့၏ ညီ၊ ဆရာမ ဒေါ်မြမြ(ငြိမ်း)၏ခင်ပွန်း၊ ကိုအောင်တင်စိုး-မစန်းစန်းဝေ၊ ကိုဝမ်းအောင်ဇံ-မခိုင်ခိုင်၊ ကိုမျိုးမင်းဝင်း-မနွယ်နီ၊ ကိုအောင်ဖြိုးကျော်-မဇာခြည်စိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၂-၈-၂၀၂၀ရက် ည ၈:၅၅နာရီတွင် ကွယ်လွန် သွား ပါသဖြင့် ၁၄-၈-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ငါးသိုင်းချောင်းမြို့၊ ရွှေညောင်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယကာကြီး
## ဦးမျိုးမြင့်စံ
### အသက် (၆၀)

ကင်ပွန်းချုံလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့နေ (ဦးစံပွင့်-ဒေါ်ပု)တို့၏သားကြီး၊ ဒေါ်ခင်မိုးဝေ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်ဝင်းထွန်း-ဒေါ်သဉ္ဇာမိုးနွယ်၊ ဦးနေထွန်းဦး-ဒေါ်အိသန္တာဝေ၊ ဒေါက်တာ ထက်ကျော်လင်း-ဒေါ်ဇာခြည်မိုးနွယ်၊ သား (မောင်မျိုးမင်းထက်)တို့၏ဖခင်၊ မကြယ်ဇင်မိုးထက်၊ မောင်အာကာဟိန်းမင်း၊ မောင်ခန့်ဝေယံလင်း၊ မမေလဝန်းဖြူ၊ မောင်ထက်သူရိန်စံတို့၏ချစ်လှစွာသောအဘိုးသည် ၁၂-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် ညနေ ၃နာရီတွင် တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယကာကြီး
## ဦးမျိုးမြင့်စံ
### အသက် (၆၀)

ကင်ပွန်းချုံလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့နေ (ဦးစံပွင့်-ဒေါ်ပု)တို့၏သားကြီး၊ ဒေါ်ခင်ခင်မြ၊ ဦးသန်းဆွေ-ဒေါ်မြင့်မြင့်ကြည်တို့၏မောင်၊ (ဦးစံဝင်း)-ဒေါ်တင်တင်ဝင်း၊ ဦးလှစံ-ဒေါ်နီနီအောင်၊ ဦးကျော်စောစံ-ဒေါ်စန္ဒာဝင်း၊ ဦးကျော်ဝင်းစံ-ဒေါ်အိ အိခိုင်တို့၏အစ်ကို၊ ဒေါ်ခင်မိုးဝေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် ညနေ ၃နာရီတွင် တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမောင်နှမတစ်စု**

## ကြည်း-၆၂၈၇၉ ဗိုလ်ကြီး မြတ်မင်းထွေးအောင်
### M.B.,B.S (DSMA) အမှတ်စဉ် (၁၃)
### M.Med.Sc (Anaesthesia) မေ့ဆေးပါရဂူ
### တဆရ(၉) (၁၀၀)
### အသက် (၃၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် (၂၆) (၅/ခ) ရတနာလမ်းနေ ဦးထွေးအောင်-ဒေါ်ခင်အေးကြည်တို့၏ချစ်လှစွာသော သား၊ မိတ္ထီလာမြို့၊ အမှတ် ၃-၁၁၄၊ အရှေ့ဘုရင့်နောင်လမ်း၊ ဇောင်ချမ်းကုန်းရပ်ကွက်နေ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)-ဒေါ်မာမာဦး (ပဉ္စညီ နောင်ကုမ္ပဏီ)တို့၏သားသမက်၊ မဆုမွန်ထွေးအောင်(ခေတ္တစင်ကာပူ)၊ ကိုကျော်သူရ(ခေတ္တစင်ကာပူ) တို့၏မောင်၊ လားရှိုးမြို့၊ တဆရ (၉) (၁၀၀)နေ မမျိုးမြတ်ရတနာ၏ချစ်လှစွာသောခင်ပွန်း၊ မောင်သုခေတ်ရွှေရောင်၏ဖခင် ဗိုလ်ကြီး မြတ်မင်းထွေးအောင်သည် ၁၃-၈- ၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် ပြင်ဦးလွင်မြို့၊ တဆရ(၁) (၇၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ပြင်ဦးလွင်မြို့ (၈)မိုင် ကုန်းဘောသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးရွှေဝင်း
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝက်နံချောင်းကျေးရွာနေ (ဦးခင်ကြီး-ဒေါ်မြကြည်)တို့၏သား၊ ဦးဟန်သာ-ဒေါ် စောတင်တို့၏သား သမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ နဝဒေး(၄) လမ်း၊ အမှတ်(၂၇၁)နေ (ဦးစည်သူဝင်း)-ဒေါ် မြင့်မြင့်ထွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်ဇာဇာဝင်း၊ ဒေါ်ရွှေဇင်ဝင်း၊ ဦးသိန်းဇော်ဝင်း(KBZ Bank)-ဒေါ်သီတာလွင်တို့၏မွေးသဖခင်၊ ဒေါ်စိန်စိန်၏ချစ် လှစွာသောခင်ပွန်း၊ မြေးရစ်ယောက်တို့၏ အဘိုးသည် ၁၃-၈-၂၀၂၀ရက် မွန်းလွဲ ၂:၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်မောင်-ဒေါ်သက်မာဦးတို့၏ဖခင်ကြီး ဦးဝင်းကြည်သည် ၁၃-၈-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**
**တပ်မတော်နည်းပညာတက္ကသိုလ်**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သက်သက်မော်(ခ)ဒေါ်ရင်ပို့(တောင်စွန်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၈/၁၁၁)နေ (ဦးအင်းကောင်-ဒေါ်ကင်း)တို့၏သမီး၊ (ဦးကြီးစိန်-ဒေါ်ငွေမျှင်)တို့၏ သမီးချွေးမ၊ [ဦးမင်းယု(ခ) ဦးကြည်အန်း]ဇနီး၊ ကိုထွန်းထွန်း-မခင်ခင်ယု(ရတနာယုဆေးဆိုင်၊ ရွှေပြည့်စုံဈေး)၊ ကိုနိုင်နိုင်၊ မကေခိုင်ယု၊ မအိလင်းခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ဇွဲပိုင်ဆက်(Australia)၊ မမေမိုးကဗျာ(England)၊ မောင်မင်းသူရမောင်တို့၏ အဘွား သည် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၅နာရီတွင် ARYU ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်မြင့်(LL.B)(က.ပ.ရ-ငြိမ်း)
### အသက်(၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ သရက်တောကျေးရွာနေ (ဦးသိန်းဟန်-ဒေါ်ခလေးမ)တို့၏သား၊ ဦးသန်းမြင့်-ဒေါ်သန်းဝင်းတို့ ၏ညီ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁၁) လမ်း၊ အမှတ်(၈၅၆)နေ ဒေါ်အေးအေးမာ၏ခင်ပွန်း၊ ဒေါ်ခင်မာမြင့်၊ ကိုကျော်လင်းနိုင်-မအေးသီတာတို့၏ဖခင်၊ မသွန်းအိမ့်ကြယ်စင်(ခ)Angel၏အဘိုးသည် ၁၂-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဒေါက်တာဦးဇော်ဝင်း(Ph.D)(India)
### (ရွှေနန်းတော်ဝင်အိမ်ရာ)
### (မြန်မာနိုင်ငံသဘင်အစည်းအရုံး)(ဗဟို)(ဘဏ္ဍာရေးမှူး)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၆လမ်း၊ အမှတ်(၁၆၊ သုံးလွှာ)နေ (ဦးမောင်မောင်မြင့်-ဒေါ်ခင်တိုး)တို့၏သား၊ (ဦးလှမြင့်)- ဒေါ်ခင်ပုတို့၏သားသမက်၊ ကိုထွန်းလင်းအောင်-မမိုးသူဇာ၊ မဆုမွန်အောင်၊ မမေသန္တာဝင်း၊ မရွှန်းလဲ့ အိန္ဒြေတို့၏ဖခင်၊ မပိုးလဲ့အိန္ဒြေ၊ မသဒ္ဒါနွယ်၊ မောင်ဒီပါမင်းရဲမြတ်၊ မရွှေယွန်းဝတီခေတ်တို့၏အဘိုး၊ ကိုကျော်ကျော်ဦး-မနွယ်နီဝင်း၊ မမူ မူအောင်၊ ကိုထက်ဝေယံတို့၏ဦးလေး၊ ဒေါ်ယဉ်ယဉ်မြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၈-၂၀၂၀ရက် နံနက် ၅:၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး အရိုးပြာအား ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးခိုင်ဇော်လင်း(ခ)ဟန်သစ်နိုင်
### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၁၁၈၄)နေ (ဦးခင်မောင်လေး)(ဖိုးသော ကြာခေတ်+မိုး၊ သတင်းစာဆရာ၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်)-ဒေါ်ရီရီသိန်း(အငြိမ်းစား ကျောင်းဆရာမ)တို့၏သားငယ်၊ စိုင်းသူရခင်၊ (စိုင်းအောင်နိုင်ခင်)၊ (စိုင်းကျော်စွာခင်)တို့၏ညီငယ်၊ ဒေါ်မြတ်နီလာဝင်း၏ခင်ပွန်း၊ စိုင်းမင်းသိန်းကျော်၏ဖခင်၊ ဦးကျော်ဇောသောင်း-နန်းအေးကလျာနိုင်တို့၏ဦးလေး၊ လင်းသန့်ငွေး၊ မေမြတ်သဒ္ဒါသန့်၊ စိုင်းစစ်သန့်နိုင်တို့၏အဘိုးလေးသည် ၁၃-၈-၂၀၂၀ရက် နံနက် ၆:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးတင့်(ပြင်ဦးလွင်)
### မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် နာယကကြီး
### တပ်မတော် (ရေ)/ ကုန်သွယ်ရေး(ငြိမ်း)
### အသက် (၈၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နေ(ဦးဖေတင်-ဒေါ်ရှင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့ နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်းသွယ် (၆)၊ တိုက် (၄၉)၊ အခန်း (၂)နေ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊ ဦးသိန်းစိုး(ယုဇနဟို တယ်ငွေဆောင်)-မမိုးမိုး၊ ရဲမှူးချုပ်မြင့်ထူး-ဒေါ်ချိုနွယ်ဦး၊ ဒေါ်မာလာဦး (စာကြည့် တိုက်မှူး)တို့၏ဖခင်၊ မသဲယုယုနွယ်၊ မောင်မင်းခန့်၊ မောင်သီဟစိုးတို့၏အဘိုးသည် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၀နာရီတွင် Kan Thar Yar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးအောင်မြင့်
### အသက်(၇၉)နှစ်

သာယာဝတီ၊ သုံးဆယ်မြို့နေ (ဦးသိန်းရင်-ဒေါ်မမကြီး)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးကြူးစိန်-ဒေါ်ကြည်ကြည်)တို့ ၏သားသမက်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်းကွင်း၊ အရှေ့ရှမ်းကုန်းရပ်၊ အောင်သိပ္ပံလမ်း၊ အမှတ်(၁၂)နေ ဒေါ်ခင်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်လွင်-ဒေါ်ခင်ညို)၊ ဦးစိုးဝင်း-ဒေါ်လှသန်းတို့၏ညီမောင်၊ (ဗိုလ်မှူးစိုင်းတင်မောင်အေး)-ဒေါ်ခင်ခင်လွင်တို့၏အစ်ကို၊ ဗိုလ်မှူးကြီး မျိုးထွဋ်(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး)-ဒေါ်လေးလေးခိုင်၊ ဗိုလ်မှူးသန့်ဇင်အောင် (ငြိမ်း)-ဒေါက်တာ ဒေါ်တင်မျိုးဟန်၊ (ဗိုလ်ကြီးမင်းကျော်သူ)-ဒေါ်အိအိသွင်တို့၏ဖခင်၊ မောင်ကျော်ဇေယျ၊ မသန့်ဖြူဇင်၊ မောင်နန္ဒမင်းထွဋ်၊ မဝဿန်ဆည်းဆာကျော်၊ မောင်စွမ်းထက်သာ၊ မောင်ပြည့်ဖြိုးဟိန်း၊ မငြိမ်းသီရိစံ၊ မငြိမ်းပြည့်ဖူးစံတို့၏ဘိုးဘိုးကြီးသည် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် မော်လမြိုင်မြို့၊ ပိန္နဲကုန်း သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ဂျူလီအယ်နာထွန်းလင်း
### (B.Com,R.A)
### လ/ထညွှန်ကြားရေးမှူး(ငြိမ်း)(အထည်အလိပ်လုပ်ငန်း)
### စက်မှု(၁)ဝန်ကြီးဌာန
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ တိုက် ၃၃၂၊ အခန်း(၅)နေ (ဦးစောထွန်းလင်း-နော်မာရီယာ)တို့၏သမီး၊ (ဦးဘရှင်-ဒေါ်စန်းမြင့်)တို့၏သမီးချွေးမ၊ (ဦးခင်ဘို)၏ဇနီး၊ ဦးဘိုကြီး-ဒေါ်စုစုဝင်း၊ ဦးဘိုလေးတို့၏မိခင်၊ သီရိယမင်းနွယ်၊ မောင်ပြည့်ဖြိုးအောင်တို့၏အဘွားသည် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃:၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(ရန်ကင်း နေအိမ်နှင့် ဘိုးရာဇာလမ်းထိပ်တို့မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ဂျူလီအယ်နာထွန်းလင်း
### (B.Com,R.A)
### လ/ထညွှန်ကြားရေးမှူး(ငြိမ်း)(အထည်အလိပ်လုပ်ငန်း)
### စက်မှု(၁)ဝန်ကြီးဌာန
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ တိုက် ၃၃၂၊ အခန်း(၅)နေ (ဦးစောထွန်းလင်း-နော်မာရီယာ)တို့၏သမီး၊ (ဦးဘရှင်-ဒေါ်စန်းမြင့်)တို့၏သမီးချွေးမ၊ (ဦးခင်ဘို)၏ဇနီး၊ Dr.W ထွန်းလင်း-Dr.မူးနာချစ်အောင်၊ Dr.Aထွန်းလင်း-ဒေါ်ခင်မျိုးနိုင်၊ Ronald-နော်မူဆဲဂေ၊ Alfred-နော်ဆဲဝါး၊ Kenneth(ခ)စောမြင့်ထွန်း-နော်မူဆဲအယ်တို့၏အစ်ကြီးသည် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃:၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၈-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကင်း နေအိမ်နှင့် ဘိုးရာဇာလမ်းထိပ်တို့မှ ကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမောင်နှမများ**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့နှင့် တွန်းဇံမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တွန်းဇံမြို့ရှိ မဏိပူရ်မြစ်ကူး ဗားရ်တံတား(အရန်) တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ဖလမ်း ဩဂုတ် ၁၃

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ကျောင်းဆောင်၊ တွန်းဇံမြို့ရှိ Cyclone Shelter ဆောက်လုပ်နေမှု၊ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံတိုးချဲ့တည်ဆောက်နေမှုနှင့် ဗားရ်တံတားအမှတ်(၂) တည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ကျောင်းဆောင် တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးရာ

စာမျက်နှာ ၇ ကော်လံ ၁ ✻

## လှိုင်သာယာအရှေ့ပိုင်းနှင့် အနောက်ပိုင်းမြို့နယ်တို့တွင် မဲရုံပေါင်း ၆၂၆ ရုံရှိပြီး မဲဆန္ဒရှင် ငါးသိန်းကျော်ရှိ

ရန်ကုန် ဩဂုတ် ၁၃

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအရှေ့ပိုင်းမြို့နယ်နှင့် လှိုင်သာယာအနောက်ပိုင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်ရန်အတွက် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ မဲစာရင်းများကို ကြည့်ရှုနိုင်ရန် တိုးမြှင့်ထုတ်ပြန်ထားရာ အရှေ့ပိုင်းနှင့်အနောက်ပိုင်း မြို့နယ်နှစ်ခုတွင် မဲရုံပေါင်း ၆၂၆ ရုံနှင့် မဲပေးနိုင်သောမဲဆန္ဒရှင် ငါးသိန်းကျော်ရှိကြောင်း သိရသည်။**

လှိုင်သာယာအရှေ့ပိုင်းမြို့နယ်တွင် ရပ်ကွက်ပေါင်း ကိုးခု၊ ကျေးရွာအုပ်စုငါးခု၌ မဲရုံပေါင်း ၃၃၉ ရုံ ထားရှိပြီး မဲဆန္ဒရှင် ၃၁၂၈၂၂ ဦးရှိကြောင်း၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၌ရပ်ကွက်ပေါင်း ၁၁ ခု၊ ကျေးရွာအုပ်စု လေးခု ရှိပြီး မဲရုံပေါင်း ၂၈၇ ရုံထားရှိ၍ မဲဆန္ဒရှင် ၂၅၃၂၀၆ ဦး ရှိကြောင်း သိရသည်။ လှိုင်သာယာမြို့နယ်တွင် အရှေ့ပိုင်းမြို့နယ်၌ အိမ်ထောင်စု ၁၁၁၈၂၆ စု၌ လူဦးရေ ၃၉၆၇၁၂ဦးနှင့် အနောက်ပိုင်းမြို့နယ်တွင် အိမ်ထောင်စု ၈၂၇၃၄ စု၌ လူဦးရေ ၃၂၀၇၃၆ ဦးရှိကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ မှားယွင်းပါက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ သတ်မှတ်ပုံစံဖြင့် တောင်းဆိုလျှောက်ထားရမည်ဖြစ်ပြီး မဲစာရင်းတွင် ထည့်သွင်းရန်တောင်းဆိုသည့် ပုံစံ (၃) လျှောက်ထားသူ အရှေ့ပိုင်းမြို့နယ်တွင် ဩဂုတ် ၁၂ ရက်အထိ ၁၁၈၅၂ ဦးနှင့် မဲစာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာပုံစံ (၄)

စာမျက်နှာ ၁၅ ကော်လံ ၁ ◆



လှိုင်သာယာအရှေ့ပိုင်းမြို့နယ် အမှတ်(၇) ရပ်ကွက်၌ မဲစာရင်းကြည့်ရှုနေသူများကို တွေ့ရစဉ်။

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၁၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ မိုး/ဇလ

## မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ ပွဲစဉ် (၂) မြန်မာ့ရုပ်မြင်သံကြား (MRTV)မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၃

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်းအပုဒ်(၁၀၀)ကို Emperor တေးဂီတအဖွဲ့နှင့် အခြားတေးဂီတအဖွဲ့များ၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုများဖြင့် ဩဂုတ် ၇ ရက် သောကြာနေ့မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၏ ည ၈ နာရီသတင်းအစီအစဉ်အပြီးတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသည်။

ဩဂုတ် ၁၄ ရက် ပွဲစဉ် (၂) အစီအစဉ်တွင် ဂီတမှူး စန္ဒရားကိုခင်လှ၊ စန္ဒရား ဦးတင်ကိုကိုတို့၏ မြန်မာမှုတေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသော တေးသံရှင် ထား၊ အကယ်ဒမီ ချိုပြုံး၊ ရီရီသန့်၊ ခင်ညွန့်ရည်၊ တက္ကသိုလ်လဲ့လဲ့၊ နှင်းရည်သန့်၊ ခင်ပိုးပန်းချီ၊ ရန်ပိုင်စိုး၊ ဖိုးသောကြာနှင့် ရဲထိုက်တို့က ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ပြီး အဆိုပါတင်ဆက်မှုကို ဩဂုတ် ၁၆ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ကို တက်လှမ်းမည့်အသင်းက ဘာစီလိုနာလား၊ ဘိုင်ယန်မြူးနစ်လား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို စတင်ယှဉ်ပြိုင်ကစားနေပြီဖြစ်ရာ ဩဂုတ် ၁၅ ရက် နံနက် ၁ နာရီခွဲတွင် စပိန်နာမည်ကြီး ဘာစီလိုနာအသင်းနှင့် ဂျာမန်နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းတို့ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းရှိ အားကစားကွင်းတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် နာပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရကာ ပထမအကျော့ နာပိုလီအိမ်ကွင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ဒုတိယအကျော့ ဘာစီလိုနာအိမ်ကွင်းတွင် သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက်ဘိုင်ယန်မြူးနစ်အသင်းက ၁၆ သင်းအဆင့်တွင် အင်္ဂလန်ကလပ် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမအကျော့ ချယ်လ်ဆီးအိမ်ကွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သလို ဘိုင်ယန်မြူးနစ် အိမ်ကွင်းတွင်လည်း ချယ်လ်ဆီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ၂၀၁၅ ခုနှစ် မေလ၌ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်တွင် နောက်ဆုံးထိပ်တိုက် ဆုံတွေ့ထားရာ ပထမအကျော့အဖြစ် နူးကမ့်တွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က မက်ဆီ၊ နေမာတို့၏ သွင်းဂိုးများနှင့်အတူ

စာမျက်နှာ ၂၃ ကော်လံ ၁ ○

## ကွမ်းခြံကုန်းမြို့နယ်တွင် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံကြားရှိ ရေပြင်သို့သယ်ဆောင်မည့် ငွေကျပ် ၇၉ ဒသမ ၉၈ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂